ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့ (7-8-2014) (၇၉၂၅)

မြန်မာနိုင်ငံ၏ အာဆီယံအပေါ် မျှော်မှန်းချက်ဖြစ်သည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းသာယာ ဝပြောသည့် အာဆီယံအသိုက်အဝန်းကို တည်ထောင်ရန် မျှော်မှန်းချက်ကို အပြည့်အဝအကောင်အထည်ဖော်သွားမည်ဖြစ်။

# မတူကွဲပြားမှုများကြားမှ စိန်ခေါ်မှုများကို အာဆီယံ၏ စည်းလုံးညီညွတ်မှု အင်အားဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်

**နေပြည်တော် ဩဂုတ် ၆**

၂၀၁၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် ကျရောက်သည့် (၄၇)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC II)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အာဆီယံနေ့အထိမ်းအမှတ်အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အာဆီယံအသိုက်အဝန်း မဏ္ဍိုင်သုံးရပ်မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ သံအမတ်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြ၊ မြန်မာနိုင်ငံ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များ အာဆီယံ (၁၀)နိုင်ငံမှ ရိုးရာပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြစဉ်။** (သတင်းစဉ်)

သတင်း - မိုးသူ၊ ဓာတ်ပုံ - မုဒြာ

## ပန်းဆိုးတန်းလမ်းမှ နန်းသီတာဆိပ်ကမ်းသို့ ဆက်သွယ်ထားသည့် စက်လှေကားတပ် လူကူးခုံးကျော်တံတား စက်တင်ဘာလလယ်တွင် ပြီးစီးအောင် တည်ဆောက်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်-ဒလ ကူးတို့သင်္ဘောဆိပ်တစ်ခုဖြစ်သော နန်းသီတာဆိပ်ကမ်းမှ ပန်းဆိုးတန်းလမ်းသို့ ဆက်သွယ်ထားသည့် စက်လှေကားတပ် လူကူးခုံးကျော်တံတားတစ်စင်း တည်ဆောက်လျက်ရှိပြီး **(ဝဲပုံ)** စက်တင်ဘာလလယ်တွင် ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

**ကြေးမုံ စာတည်းရှုထောင့်** **၇-၈-၂၀၁၄၊ ကြာသပတေးနေ့**

# နိုင်ငံချစ်စိတ် အရင်းတည်

တိုင်းပြည်တစ်ပြည်တွင် သယံဇာတမည်မျှပင်ကြွယ်ဝစေကာမူ ထိုနိုင်ငံအတွင်း လူ့စွမ်းအားအရင်းအမြစ်များ နည်းပါးပါက တိုင်းပြည်တိုးတက်မှုကို အပြည့်အဝအထောက်အကူပြုနိုင်မည်မဟုတ်ပေ။ တိုင်းပြည်တစ်ပြည်တွင် သယံဇာတအရင်းအမြစ်များ မရှိသော်လည်း လူ့စွမ်းအားအရင်းအမြစ်များပေါကြွယ်ဝသဖြင့် ထိုတိုင်းပြည်၏ ချမ်းသာကြွယ်ဝမှုကို အပြည့်အဝဖြည့်စွမ်းပေးနိုင်သည်ကို အနီးဝန်းကျင်နိုင်ငံတချို့၌ တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်မှာ သယံဇာတကြွယ်ဝခြင်း၊ မကြွယ်ဝခြင်းထက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ခြင်းသည်သာ အဓိကအခြေခံအကြောင်းတရားဖြစ်သဖြင့် လူ့စွမ်းအားအရင်းအမြစ်များ အမြောက်အမြားပေါ်ထွန်းလာစေရန် အလေးပေးလုပ်ဆောင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖြစ်ထွန်းမှုကို လေ့လာဆန်းစစ်ကြည့်လျှင် ကျွန်ုပ်တို့နိုင်ငံသည် ရှေးယခင်ကတည်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့ကြသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းခဲ့ပြီးဖြစ်သည်။ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ကနောင်မင်းသားကြီးသည် ဉာဏ်ပညာထက်မြက်သူအဖြစ် ထင်ရှားကျော်ကြားခဲ့ပြီး နိုင်ငံကို စက်မှုနိုင်ငံဖြစ်အောင် ဖော်ဆောင်နိုင်ခဲ့သည်။ သို့သော် အကြောင်းမညီညွတ်၍သာ စက်မှုနိုင်ငံတော်ကြီးဆီသို့ မရောက်ဖြစ်ခဲ့ပါ။

ထိုတစ်ချိန်က စက်ရုံ၊ အလုပ်ရုံများဖြစ်ထွန်းခဲ့ရုံမျှမက နိုင်ငံအတွင်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ အများအပြားပေါ်ထွန်းခဲ့သည်။ ထိုပညာရှင်များ၏ စွမ်းပကားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံလွတ်လပ်ရေး၊ နိုင်ငံတည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ခေတ်လူငယ်များအနေဖြင့် သမိုင်းကြောင်းကို သက်သေတည်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးဖြစ်အောင် နိုင်ငံချစ်စိတ်အရင်းတည်ကာ အလုပ်အကျွေးပြုကြရမည်ဖြစ်သည်။ ယုံကြည်ချက်အပြည့်ထားရှိပြီး လုပ်ဆောင်ကြရမည်ဖြစ်သည်။

ပြည်သူကိုဗဟိုပြု၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအဖြစ် ပြုပြင်ပြောင်းလဲမှုများ ချမှတ်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့နိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝပြီးဖြစ်ပါသည်။ လူသားအရင်းအမြစ်များလည်း ရှိပြီးဖြစ်သည်။ စွမ်းရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များလည်း နိုင်ငံအတွင်း အနည်းအများဆိုသလို ရှိသင့်သလောက်ရှိပြီးဖြစ်သည်။ လူသားဟူသည်ကား အသိဉာဏ်ရှိသော၊ စွမ်းဆောင်နိုင်သောသူများဖြစ်သဖြင့် မိမိလုပ်ဆောင်ချက်သည်သာ ပဓာနဖြစ်၍ မည်သည့်အရာကိုမျှ မစွမ်းဆောင်နိုင်စရာမရှိဘဲ နိုင်ငံချစ်စိတ်ဖြင့် ယုံကြည်ချက်အပြည့်အဝထားကာ အားလုံးပါဝင်လုပ်ဆောင်ကြမည်ဆိုလျှင် မိမိတို့မျှော်မှန်းနေသည့် စက်မှုနိုင်ငံကြီး ဖြစ်လာမည်ဖြစ်သည်။

ယနေ့အချိန်တွင် နိုင်ငံသားအားလုံးက တက်ညီလက်ညီဖြင့် တွဲလက်မဖြုတ်တမ်း နိုင်ငံချစ်စိတ်ဖြင့် မိမိကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ မကြည့်ဘဲ နိုင်ငံအကျိုးပြုလုပ်ငန်းများကို စိတ်ရင်းစေတနာအပြည့်ဖြင့် လုပ်ဆောင်ရန် လိုအပ်လာပြီဖြစ်သည်။ လုပ်ဆောင်ရန် အခွင့်အလမ်းကောင်းများရရှိနေချိန်၊ စွမ်းဆောင်ရည်ကို ပြသခွင့်ရသည့် အချိန်ဖြစ်ရာ သမိုင်းကြောင်းကို သက်သေတည်၍ တူညီသောစိတ်ထားများဖြင့် ညီညီညွတ်ညွတ် လက်တွဲလုပ်ဆောင်သွားကြမည်ဆိုလျှင် မျှော်မှန်းချက်ပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိမည်ဖြစ်သည်။

မိမိတို့မျှော်မှန်းနေသည့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံသို့ ရောက်ရှိပြီဆိုလျှင် မိမိနိုင်ငံ၏အကျိုးစီးပွားများကို နိုင်ငံအတွင်းရှိ နိုင်ငံသားများကသာ အပြည့်အဝခံစားကြရမည်ဖြစ်သဖြင့် နိုင်ငံချစ်စိတ်အရင်းတည်၍ တူညီစိတ်ထားများဖြင့် ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း အကြံပြုအပ်ပါသည်။ ။

# ရန်ကုန်တိုင်းဒေသကြီး ရေတော်မိုးတော်မိုးစပါးကွင်းပိတ်ပွဲ၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၆**

၂၀၁၄-၂၀၁၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းဒေသကြီးအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၁၃-၂၀၁၄ ခုနှစ် လယ်ယာကဏ္ဍ ထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်ကျေးရွာအုပ်စု ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်(၂)ပင်လယ်ကိုးသွယ်ကုမ္ပဏီ စိုက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းက မင်္ဂလာမောင်းအချက်ပေး၍ တိုင်းဒေသကြီးအဆင့်ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် လယ်ကွင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးပြီး မြို့နယ်အလိုက် ကောက်စိုက်အသင်း(၁၀)သင်းတို့၏ ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေး၍ ကောက်စိုက်စက်ဖြင့် ကောက်စိုက်စွမ်းရည်သရုပ်ပြမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဦးစီးဌာန (၈)ခုနှင့် ပုဂ္ဂလိကစိုက်ပျိုးရေးကုမ္ပဏီ(၉)ခုတို့၏ စိုက်ပျိုးရေးအသိပညာပေးပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာပြခန်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင်များနှင့် တန် ၅၀၀ ကျ ဆန်စက်တွင် တပ်ဆင်အသုံးပြုမည့်စက်ပစ္စည်းများ ခင်းကျင်းပြသထားမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ရေတော်မိုးတော်မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းဒေသကြီးအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၁၃-၂၀၁၄ ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ တောင်သူလယ်သမားများ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ နှစ်စဉ်ယခုလိုအခမ်းအနားများကို ခရိုင်အလိုက်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်ကျေးလက်နေ ပြည်သူ ၇၀ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍအပေါ်တွင် အခြေပြုအသက်မွေးဝမ်းကျောင်းပြုနေသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲနိုင်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၃-၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဘက်စုံထူးချွန်(လုပ်ငန်းရှင်)ဆုတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူများနှင့် ၂၀၁၃-၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဘက်စုံထူးချွန်(တောင်သူ)ဆုတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသည်။

ရန်ကုန်တိုင်းဒေသကြီး၏ မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၁၁၉၈၀၄၀ အနက် ၁၀၇၃၆၁၇ ဧက၊ စိုက်ပျိုးပြီးဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၈၉ ဒသမ ၆၁ ရာခိုင်နှုန်းရှိကာ ရေတော်မိုးတော်လျာထား ဧက ၉၁၀၁၇၀ ဧကအား ရာခိုင်နှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသောရေကြီး/ရေနက်ကွင်းမှလယ်များ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၉၅၀၀ | - | ၆၇၀၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၉၅၀၀ | - | ၆၇၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၁. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၉၈. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၇. ၃၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၁၅၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၅၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၉၅၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၄၆. ၆၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၈၅၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၂. ၆၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၇. ၆၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



# လှိုင်သာယာစက်မှုဇုန်ရှိ အလုပ်သမားများအား အခမဲ့ဆေးဝါးကုသပေး

**နေပြည်တော် ဩဂုတ် ၆**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါပြီး ထန်းတပင်အထွေထွေရောဂါကုဆေးရုံကြီးတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ကိုရီးယားသမ္မတနိုင်ငံမှ Good Share for Human အဖွဲ့နှင့် သုခမင်္ဂလာအထူးကုဆေးခန်းနှင့် ရောဂါရှာဖွေရေးဓာတ်ခွဲဌာနတို့ ပူးပေါင်းပြီး လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား အခမဲ့ဆေးဝါးကုသမှု ဆောင်ရွက်ပေးနေသည်ကို သွားရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ ဆေးကုသသည့် အစီအစဉ်တွင် လာရောက်ဆေးဝါးကုသကြသော စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

အဆိုပါ ဆေးကုသရေးအစီအစဉ်တွင် ကိုရီးယားသမ္မတနိုင်ငံ Good Share for Human အဖွဲ့မှ ဆရာဝန်သုံးဦးနှင့် အဖွဲ့ဝင် ၂၀၊ သုခမင်္ဂလာအထူးကုဆေးခန်းနှင့် ရောဂါရှာဖွေရေး ဓာတ်ခွဲဌာနမှ ဆရာဝန်၊ ဆရာမများသည် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမား ၂၃၀ တို့အား အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆေးကုသရေးအဖွဲ့သည် ယခင်က မှော်ဘီလူမှုဖူလုံရေးဆေးခန်းမှ အလုပ်သမား ၂၁၉ ဦး၊ ထန်းတပင် အထွေထွေရောဂါကုဆေးရုံတွင် အလုပ်သမား ၄၀၀ တို့အား အခမဲ့ဆေးဝါးကုသမှုများပေးခဲ့ပြီး ရန်ကုန်အလုပ်သမားဆေးရုံကြီးတွင် အလုပ်သမားနှစ်ဦးအား အခမဲ့ ကျောရိုးခွဲစိတ်ကုသမှုများပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

> **ရွှေဟသ်ာဆရာတော်ကြီး၏**
> **ဆုံးမဩဝါဒ**
> **အများအကျိုး၊ ရွက်သယ်ပိုးက**
> **ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း**
> **မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို**
> **စိတ်ကောင်းနဲ့ယှဉ်၊ ရှေးရှုနှင်လော့။**

---

**○ ပန်းဆိုးတန်းမှ**

အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ သိရှိရသည်။

နန်းသီတာသင်္ဘောဆိပ်တွင် ရန်ကုန်မြစ် တစ်ဖက်ကမ်းရှိ ဒလ၊ ကော့မှူး၊ တွံတေးစသည့် မြို့နယ်များမှ ရန်ကုန်မြို့တွင်းသို့ နေ့စဉ် လူဦးရေလေးသောင်းနှင့် ခြောက်သောင်းကြား ကူးလူးဆက်သွယ်သွားလာလျက်ရှိကြောင်း ကူးတို့သင်္ဘောလက်မှတ်အရောင်းဌာန၏ လက်မှတ်ရောင်းချရမှုများအရ သိရသည်။ သင်္ဘောဆိပ်အား နံနက် ၅ နာရီမှ ည ၉ နာရီအထိ နေ့စဉ်အသုံးပြုလျက်ရှိပြီး လမ်းဖြတ်ကူးသူများ ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းစေရေးနှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် အဆိုပါ လူကူးခုံးကျော်တံတားကို တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

ပန်းဆိုးတန်း-နန်းသီတာ လူကူးခုံးကျော်တံတားကို ခြောက်လမ်းသွားကမ်းနားလမ်းမကြီးနှင့် လေးလမ်းသွားတိုးချဲ့ကမ်းနားလမ်းသစ်တို့အပေါ်မှ ဖြတ်သန်းတည်ဆောက်လျက်ရှိကာ Schindler အမှတ်တံဆိပ် စက်လှေကားနှစ်စင်းလည်း တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။ လူကူးခုံးကျော်တံတားမှာ အရှည်ပေ ၂၁၀ ရှိပြီး အကျယ် ၁၂ ပေ နှင့် အမြင့်ပေ ၂၀ ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် တံတားတည်ဆောက်မှုမှာ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လူအသွားအလာများသော နေရာများနှင့် ကျောင်းရှိသော နေရာများတွင် ယာဉ်အန္တရာယ် ဖြစ်ပွားမှုများ လျှော့ချရန် လူကူးခုံးကျော်တံတားများ တည်ဆောက်လျက်ရှိပြီး ယခုနှစ်အတွင်း လူကူးခုံးကျော်တံတားသုံးစင်း တည်ဆောက်သွားမည်ဖြစ်ကာ မင်္ဂလာဒုံမြို့နယ် အောင်ဆန်းသူရိယလှသောင်းကျောင်းရှေ့ရှိ တံတားမှာ ပြီးစီးနေပြီဖြစ်ပြီး ကမ္ဘာအေးစေတီလမ်း ဂမုန်းပွင့်ကုန်တိုက်အနီး၌ လူကူးခုံးကျော်တံတားတစ်စင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပန်းဆိုးတန်း-နန်းသီတာ လူကူးခုံးကျော်တံတားပြီးစီးပါက ရန်ကုန်မြို့တွင် စက်လှေကားတပ်ထားသော ပထမဆုံး လူကူးခုံးကျော်တံတားတစ်စင်း ဖြစ်လာမည်ဖြစ်သည်။

# တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များ ဆွေးနွေး

**ပဲခူး ဩဂုတ် ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး၏ အစည်းအဝေးခန်းမ၌ ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီခွဲက နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ် အကောင်အထည် ဖော်ဆောင်ရွက်ရေးနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းအောင်က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု(Third Wave) လုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်များ၊ ပထမ လေးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးမှ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ တတိယအဆင့် အရှိန်အဟုန်မြှင့် လုပ်ငန်းစဉ်များတွင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအားလုံး နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် တစိုက်မတ်မတ် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပြီး တာဝန်ကျေသည့် ဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းအားထုတ် လုပ်ဆောင်သွားကြရန် ဆွေးနွေးခဲ့သည်။

တက်ရောက် လာကြသူများက မရှင်းလင်းသည်များကို မေးမြန်းကြရာ ပြန်လည် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (IPRD)**

# ပြည်သူ့ဗဟိုပြု သတင်းရေးသားမှု လက်တွေ့သရုပ်ပြ

**ရန်ကုန် ဩဂုတ် ၆**

သတင်းထောက်များ ကြုံတွေ့ရတတ်သော အမှုအခင်းပြဿနာများ ကင်းဝေးရှောင်ရှားနိုင်စေရန်၊ ပြည်သူ့ဗဟိုပြု သတင်းရေးသားတင်ပြမှုများ မြန်ဆန်မှန်ကန် ပီပြင်လာစေရန် ရည်ရွယ်ဖွင့်လှစ်သော ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ သတင်းထောက်များ မွမ်းမံသင်တန်း (၂/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်းခန်းမ၌ ယနေ့ ကျင်းပသည်။

သင်တန်းကာလတွင် ကြေးမုံ သတင်းစာတိုက် စာတည်းမှူးချုပ်၊ ဥပဒေပညာရှင် ဦးဟန်ညွှန့်(ဥပဒေ) နှင့် ပြင်ပသတင်းစာပညာရှင် Micheal pan တို့က သတင်းအတတ်ပညာ၊ သတင်းစာကျင့်ဝတ်၊ စာနယ်ဇင်း ဥပဒေ၊ ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့နိုင်သော သတင်းအရေးအသား ဘာသာရပ်များကို ပို့ချခြင်း၊ ဆွေးနွေးခြင်း၊ အပြန်အလှန်မေးမြန်းပြောကြားခြင်းတို့ကို လည်းကောင်း၊ ပြည်သူ့ဗဟိုပြု သတင်းရေးသားပုံ၊ ဓာတ်ပုံရိုက်ကူးမှု၊ သတင်းသမား၊ သတင်းစာဆရာတို့၏ ကျင့်ဝတ်၊ ပဋိပက္ခပြဿနာများကိုလည်းကောင်း ကျယ်ပြန့်စွာ ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးများတို့မှ ကြေးမုံ၊ မြန်မာ့အလင်း၊ မြဝတီနှင့် အခြား မီဒီယာသမား ၁၀၂ ဦး တက်ရောက်ခဲ့ပြီး လက်တွေ့သရုပ်ပြကြကာ **(အပေါ်ပုံ)** သင်တန်းဆင်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ကိုကိုနေ**
**ဓာတ်ပုံ- ရာမညေ**

> **သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
> **သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင် အထူးအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင် အထူးအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ပတ္တမြားခန်းမ(၅)၌ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ကော်မရှင်အလှည့်ကျဥက္ကဋ္ဌ မြန်မာကိုယ်စားလှယ် ဦးကျော်တင့်ဆွေက ဆောင်ရွက်ကာ အာဆီယံဒေသအတွင်းရှိ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ဩဂုတ် ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

# အင်ဒိုသမ္မတ ရွေးကောက်ပွဲရလဒ်အမှု အခြေခံဥပဒေတရားရုံးက ကြားနာ

အင်ဒိုနီးရှားအခြေခံဥပဒေတရားရုံးက သမ္မတရွေးကောက်ပွဲအမှု ရလဒ်တိုင်ကြားချက်ကို ကြားနာစဉ် ရှုံးနိမ့်သူ ပရာဘိုဝိုဆူဗီလန်တို(အလယ်)ကို တွေ့ရပုံ။

ဂျကာတာ ဩဂုတ် ၆

**အင်ဒိုနီးရှားနိုင်ငံ၌ ဇူလိုင် ၈ရက်နေ့တွင် ကျင်းပခဲ့သည့် ဂျကာတာမြို့တော်ဝန် အောင်ပန်းဆင်ခဲ့သော သမ္မတရွေးကောက်ပွဲရလဒ်ကို မကျေနပ်၍ တိုင်ကြားထားသည့် အမှုအား အခြေခံဥပဒေတရားရုံးက ယနေ့စတင်ကြားနာသည်။ ရွေးကောက်ပွဲကော်မရှင်၏ စနစ်တကျပြင်ဆင်၍ ပမာဏကြီးမားစွာ မဲလိမ်ခဲ့မှုက ၎င်း၏ နိုင်ငံ့ခေါင်းဆောင်ဖြစ်မည့် အခွင့်အရေးကို ဖျက်ဆီးသွားခဲ့သည်ဟု ရွေးကောက်ပွဲရှုံးနိမ့်သူ ပရာဘိုဝို ဆူဗီယန်တိုက စွပ်စွဲ၍ တရားရုံးသို့ လွှန်ခဲ့သည့်လတွင် တိုင်ကြားခဲ့ခြင်းဖြစ်သည်။**

ရွေးကောက်ပွဲကော်မရှင်၏ ဇူလိုင် ၂၂ ရက်နေ့ ကြေညာချက်တွင် မြို့တော်ဝန် ဂျိုကို ဝီဒိုဒိုသည် အာဏာရှင် ဆူဟာတိုလက်ထက်မှ ဗိုလ်ချုပ်ကြီးဟောင်းဖြစ်သူ ဆူဗီယန်တိုကို မဲအရေအတွက် ရှစ်သန်းကျော် အသာစီးဖြင့် ၅၃ ရာခိုင်နှုန်း ရရှိကာ အနိုင်ရသူဖြစ်ကြောင်း ဖော်ပြသည်။

ဆူဗီယန်တို၏ ကိုယ်စားလှယ်များသည် စုစုပေါင်း မဲစာရင်းစာရင်းချုပ်ခြင်းမပြီးစီးမီ ကော်မရှင်ရုံးမှ ထွက်ခွာသွားခဲ့ကြသည်။ ရွေးကောက်ပွဲရလဒ်ကို လက်ခံခြင်းမရှိဘဲ ဒီမိုကရေစီ၏ အခြေခံအချက်များကို ချိုးဖောက်သဖြင့် ရွေးကောက်ပွဲကော်မရှင်တွင် အပြစ်ရှိသည်ဟု ပြောကြားကာ ၎င်းတို့ ထုတ်ပြန်သောရလဒ်ကို ငြင်းပယ်ခြင်းပြုကြရန် ၎င်း၏ ထောက်ခံသူများကို ဆူဗီယန်တိုက ဆော်ဩခဲ့သည်။

ဂျကာတာ၊ အရှေ့ဂျာဗား၊ ပါပူဝါဘာရက်နှင့် ပါပူဝါရှိခရိုင်၁၄ခုလုံးအပါအဝင် ပြည်နယ်ရှစ်ခုမှ မဲရုံပေါင်း ၅၅၀၀၀ ကျော်၌ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုမရှိသည့်အတွက် အာချီပီလာဂိုတစ်ဝန်းမှ သန်းနှင့်ချီသော မဲပြားများစွာသည် တရားမဝင်ကြောင်း ရှေ့နေ မက်ဒီယာအစ္စမေးက တရားရုံးတော်သို့ ဗုဒ္ဓဟူးနေ့တွင် တင်ပြခဲ့သည်။

မဲဆန္ဒရှင်များသည် မမှန်ကန်သော မှတ်ပုံတင်ကတ်များကို အသုံးပြုခြင်း၊ မဆီလျော်စွာ မဲပြားများ ပြန်လည်ရေတွက်ခြင်းတို့ဖြင့် မဲရုံတာဝန်ရှိသူတို့က ဝီဒိုဒို၏ ထောက်ခံမဲများကို တိုးပွားစေခဲ့သည်ဟု ၎င်းက စွပ်စွဲသည်။

ဆူဗီယန်တို၏ တရားရုံးသို့ ကနဦးတင်ပြသော လျှောက်လဲချက်၌ ၎င်းတို့ပြုစုထားသောစာရင်းအရ ရာခိုင်နှုန်း ၁၀၀ပြည့်သည်အထိ မဲများမရေတွက်ရသေးမီ ဝီဒိုဒိုက မဲအရေအတွက် ၆၆ ဒသမ ၅သန်း သို့မဟုတ် ရာခိုင်နှုန်း ၄၉ ဒသမ ၇၄ ရရှိစဉ်မှာ ၎င်းက ၆၇ သန်း သို့မဟုတ် ၅၀ဒသမ၂၅ရာခိုင်နှုန်း ရရှိပြီး ပွက်ကာသီကာ အနိုင်ရရှိနေကြောင်း တင်ပြထားသည်။ **အေပီ။**

# အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် သင်္ဘောနစ်မြုပ် ၁၈ ဦးပျောက်ဆုံးလျက်ရှိ

**နယူးဒေလီ ဩဂုတ် ၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒက်ရှ်ပြည်နယ် မီရာဇာပါးခရိုင်၌ ဩဂုတ် ၅ရက် ညနေပိုင်းက သင်္ဘောတစ်စင်းနစ်မြုပ်မှု ဖြစ်ပွားကြောင်း၊ ဂင်္ဂါမြစ်တွင်း ခုတ်မောင်းလာစဉ် မတော်တဆနစ်မြုပ်သွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ နစ်မြုပ်သွားသော သင်္ဘောပေါ်၌ ခရီးသည် ၅၀ ဝန်းကျင်ခန့် စီးနင်းလိုက်ပါလာကြောင်း၊ ရဲတပ်ဖွဲ့မှ ကျွမ်းကျင်ရေငုပ်သမားများနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ရေး တာဝန်ရှိသူများ အဖွဲ့ပူးပေါင်း၍ ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် ရက်ပေါင်းများစွာ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ဂင်္ဂါမြစ်တွင် ရေမျက်နှာပြင် မြင့်တက်လာခြင်း ဖြစ်သည်။ **ဆင်ဟွာ။**

# အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ ထိုးစစ်ဆင် တာလီဘန်စစ်သွေးကြွ ခြောက်ဦးသေဆုံး

**ဂါဇနီ ဩဂုတ် ၆**

တာလီဘန်စစ်သွေးကြွများ ပုန်းအောင်းနေထိုင်ရာ အာဖဂန်နစ္စတန်အရှေ့ပိုင်း ဂါဇနီပြည်နယ်၌ အာဖဂန်လုံခြုံရေးတပ်ဖွဲ့က စီးနင်းဝင်ရောက်၍ ထိုးစစ်ဆင်တိုက်ခိုက်ကြောင်း၊ ဩဂုတ် ၅ ရက် ညနှောင်းပိုင်းက ဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့် စစ်သွေးကြွ ခြောက်ဦးသေဆုံးကြောင်း ဂျီရိုခရိုင် အုပ်ချုပ်ရေးမှူး အဗ္ဗဒူလာ့ခ်ျ ခါးခက်ရှ်က ပြောကြားသည်။

ဂါဇနီပြည်နယ် ဂျီရိုခရိုင်ရှိ တာလီဘန်များ ခြေကုပ်ယူ ပုန်းအောင်း နေထိုင်ရာသို့ အာဖဂန်လုံခြုံရေး တပ်ဖွဲ့ဝင်များ ဦးဆောင်ပါဝင်သော အဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သေဆုံးသူခြောက်ဦးအနက် နိုင်ငံခြားသား တပ်ဖွဲ့ဝင် သုံးဦးပါဝင်ကြောင်း ခါးခက်ရှ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ တာလီဘန် စစ်သွေးကြွများဘက်မှ ထင်မြင်ချက်တစ်စုံတစ်ရာ မပေးချေ။ **ဆင်ဟွာ။**

# တူရကီတွင် ရဲအရာရှိ ၃၃ဦးကို ထပ်မံဖမ်းဆီး

**အစ္စတန်ဘူ ဩဂုတ် ၆**

တူရကီအာဏာပိုင်များသည် ဝန်ကြီးချုပ် ရီဆက်တေယစ်အာဒိုဂန် အပါအဝင် ထိပ်ပိုင်းတာဝန်ရှိသူများ၏ ဖုန်းပြောဆိုခြင်းများကို ခိုးယူနားထောင်ခဲ့ကြသည်ဟု စွပ်စွဲ၍ ရဲတပ်ဖွဲ့ဝင် အရာရှိများစွာကို အင်္ဂါနေ့တွင် ထိန်းသိမ်းခဲ့ကြောင်း အင်ဒီပင်းဒင့်သတင်းစာက ယနေ့ဖော်ပြသည်။

သမ္မတရွေးကောက်ပွဲ မတိုင်မီရက်ပိုင်းမျှအလိုတွင် ထပ်မံ၍ ဖမ်းဆီးမှုများ ပြုလုပ်ခြင်းဖြစ်သည်။

အာဒိုဂန်နှင့် အတိုက်အခံ ဖြစ်သွားသည့် ၎င်း၏ မိတ်ဆွေဟောင်းတို့အကြား အငြင်းပွားမှုတစ်ခုနှင့် ဆက်နွှယ်နေသော ကြားဖြတ်ခိုးယူနားထောင်သည့် အရှုပ်တော်ပုံတွင် လူပေါင်း ၁၀၀ ကျော်ကို လွန်ခဲ့သည့်လ၌ ဖမ်းဆီးခဲ့ပြီးနောက် ယခုတစ်ဖန် ဖမ်းဆီးခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ ပြည်နယ်ပေါင်း ၁၄ခုမှ အနည်းဆုံးရဲအရာရှိ ၃၃ ဦးကို ထိန်းသိမ်းခဲ့ကြောင်း တူရကီအစိုးရ ရုပ်သံလိုင်းက ကြေညာသည်။

အစ္စတန်ဘူမြို့ရှိ ရဲစခန်းကို ယနေ့နံနက်ပိုင်းတွင် ဝင်စီးခြင်းဖြင့် စစ်ဆင်ရေးစတင်ခဲ့သည်။ ကာ့ဒ်လူမျိုးစုများ အများစုနေထိုင်ရာ အရှေ့တောင်ပိုင်းမှ ဒီယာဘာကီယာမြို့ အပါအဝင် အဓိကမြို့ကြီးများတွင်လည်း အလားတူ စီးနင်းခဲ့သည်။ အရပ်ဝတ်အရာရှိများက ဖမ်းဆီးခံရသော ရဲအရာရှိများကို ဦးဆောင်ကာ ၎င်းတို့နေထိုင်ရာမှ ခေါ်ဆောင်သွားပုံကို ရုပ်သံလိုင်းက ပြသခဲ့သည်။ သို့သော် ရဲအရာရှိများ၏ အမည်တို့ကိုမူ ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။

ရဲတပ်ဖွဲ့အကြီးအကဲဟောင်း အလီဖူရက်ယီးမာဇာကို ရဲအရာရှိများက ရဲတပ်ဖွဲ့ဌာနချုပ်မှ ခေါ်ထုတ်လာစဉ်။

အဖမ်းခံရသူများမှာ ဇူလိုင် ၂၂ ရက်နေ့က ဖမ်းဆီးသူများထက် ရာထူးနိမ့်သူများဖြစ်ကြသည်ဟု တူရကီသတင်းဌာနက ဖော်ပြသည်။ ယခင်ဖမ်းဆီးသူများတွင် အစ္စတန်ဘူရှိ အကြမ်းဖက်တိုက်ဖျက်ရေးဌာနမှ အကြီးအကဲနှစ်ဦးပါဝင်သည်။

ယင်းသို့ ဖမ်းဆီးခြင်းများသည် ယမန်နှစ်နှောင်းပိုင်း၌ ဝန်ကြီးချုပ်နှင့် ၎င်း၏ အတွင်းစည်းအကြား ပေါ်ပေါက်လာသော အဂတိလိုက်စားမှု အရှုပ်တော်ပုံကြီးတွင် အာဒိုဂန်၏ မိတ်ဆွေဟောင်း ဖီတူလာချ်ဂူလန်၏ လှုပ်ရှားမှုများကို နှိမ်နင်းခြင်း ဖြစ်ဖွယ်ရာရှိသည်ဟု ဆိုသည်။

အဂတိလိုက်စားမှု စွပ်စွဲခြင်းများ၏ သက်သေ အထောက်အထားအများစုသည် ဖုန်းလိုင်းများ ကြားဖြတ်ခိုးနားထောင်ခြင်းမှ ရရှိခဲ့သည်။

ပထမအကြိမ် ဖမ်းဆီးခဲ့သော ရဲအရာရှိ ၃၁ ဦးကို ဒုစရိုက်ဂိုဏ်းများ ဖွဲ့စည်းခြင်း၊ သူလျှိုလုပ်ခြင်း၊ ဖုန်းလိုင်းများ တရားမဝင်ခိုးယူနားထောင်ခြင်းနှင့် စာရွက်စာတမ်းအတုများ ပြုလုပ်ခြင်းတို့ကို ကျူးလွန်ခဲ့သည်ဟု စွဲချက်တင်ထားသည်။

**အင်ဒီပင်းဒင့်။**

# အာဖဂန်နစ္စတန်၌ အမေရိကန်ဗိုလ်ချုပ် ကျဆုံးသူရဲကောင်းဖြစ်သည်ဟု ချီးကျူးဂုဏ်ပြု

အာဖဂန်နစ္စတန်နိုင်ငံ ဗြိတိသျှစစ်သင်တန်းကျောင်း ပစ်ခတ်မှုတွင် ကျဆုံးသွားသော အမေရိကန်ဗိုလ်ချုပ် ဟာရိုးလ်ဂရီးနီး။

**ကဘူး ဩဂုတ် ၆**

အာဖဂန်နစ္စတန်၌ အင်္ဂါနေ့တွင် အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး၏သတ်ဖြတ်မှုကြောင့် ကျဆုံးသွားသော ဗိုလ်ချုပ် ဟာရိုးလ်ဂရီးနီးသည် "သူရဲကောင်းတစ်ဦး"စင်စစ်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ယနေ့ချီးကျူးဂုဏ်ပြုသည်။

ဗီယက်နမ်စစ်ပွဲပြီးသည့်နောက် ပင်လယ်ရပ်ခြားတွင် ကျဆုံးခဲ့သော စစ်သည်များအနက် ဗိုလ်ချုပ် ဂရီးနီးသည် အဆင့်အမြင့်ဆုံးဖြစ်သည်။ ဗြိတိန်က ကွပ်ကဲသော လေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်လည်ပတ်စဉ် သေဆုံးရခြင်း ဖြစ်သည်။

အဆိုပါသင်တန်းကျောင်း၌ အာဖဂန်ကြည်းတပ်ဝတ်စုံ ဝတ်ထားသူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ရာ ဗိုလ်ချုပ်သေဆုံး၍ အခြား ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။

**ဂျာမန်တစ်ဦးပါဝင်**

ဒဏ်ရာရရှိသူများတွင် အာဖဂန်နှင့်နေတိုးတပ်ဖွဲ့ဝင်များ ပါဝင်ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ ဂျာမန် စစ်ဘက်က ၎င်းတို့၏ ဗိုလ်မှူးချုပ်တစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်ဟု ပြောသည်။

မြို့တော်ကဘူး အပြင်ဘက်၌ ရှိသော ဗြိတိသျှ စစ်ဘက်လေ့ကျင့်ရေး အကယ်ဒမီ ကင့်ကွာဂါ၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ပစ်ခတ်သူမှာ အာဖဂန် ကြည်းတပ်ဝတ်စုံ ဝတ်ထားသော အကြမ်းဖက်သမားတစ်ဦး ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် သေဆုံးသွားခဲ့ကြောင်း အာဖဂန် စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး ဇာဟီယာ အဇီဘီက ပြောသည်။ **ဘီဘီစီ။**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နှင့် မိုင်းဆတ်နယ်မြေတွင် မူးယစ်ဆေးဝါးများနှင့် လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နှင့် မိုင်းဆတ်နယ်မြေအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်ရေးဆွဲပြီး ဇူလိုင် ၁၄ ရက်မှ စတင် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စီမံချက်အရ တာချီလိတ် အမှတ်(၃၀)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၉ ရက်တွင် တာချီလိတ်မြို့နယ် မိုင်းယန်းအုပ်စု ပန်ကူ(အောက်)ကျေးရွာအနီးတွင် မိုင်းဆတ်မှ တာချီလိတ်ဘက်သို့ ကျကွင်း မောင်းနှင်ပြီး ကျဘိုနှင့် နန်းစံခမ်းတို့ လိုက်ပါလာသည့် VIGO အမျိုးအစား မော်တော်ယာဉ်အား ရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ၄၀၊ ပစ္စတိုသေနတ် တစ်လက်၊ ကျည်ကတ် နှစ်ခုနှင့် ၎င်းကျည် ၁၄ တောင့်၊ လက်ကိုင်ဖုန်း နှစ်လုံး၊ ထိုင်းနိုင်ငံသုံးဘတ်ငွေ ၆ ဒသမ ၅ သိန်းတို့အား သိမ်းဆည်းရမိခဲ့ကြသည်။ ဆက်လက်ပြီး ကျကွင်းဆိုသူနေထိုင်ရာ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ၎င်း၏နေအိမ်မှ ဘိန်းဖြူဘလောက်တုံးတစ်တုံးနှင့် အမေရိကန်ဒေါ်လာ ၁၁၀၀၀ တို့အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၂၈ ရက်တွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု ဆိတ်ခြံအခြေစိုက် တပ်စခန်းကုန်းအနီးတွင် မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့ အားဘီမောင်းနှင်ပြီး အားဖာလိုက်ပါလာသည့် VIGO အမျိုးအစား မော်တော်ယာဉ်အား ရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူဘလောက်တုံး ၄၀၄ တုံး၊ M-22 သေနတ် နှစ်လက်၊ ၎င်းကျည် ၂၁၇ တောင့်၊ ကျည်အိမ် ရှစ်ခု၊ M-16 သေနတ် နှစ်လက်၊ ၎င်းကျည် ၂၅၆ တောင့်၊ ကျည်အိမ် ၁၃ ခု၊ ပစ္စတို နှစ်လက်၊ ၎င်းကျည် ၃၃ တောင့်၊ ကျည်အိမ် သုံးခု၊ လက်ပစ်ဗုံး သုံးလုံး၊ စကားပြောစက် သုံးလုံး၊ လက်ကိုင်ဖုန်း သုံးလုံးနှင့်ထိုင်းဘတ်ငွေ ၃၁၀၀၀ တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်စပ်ဖော်ထုတ်သတင်းများအရ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၀ ရက်တွင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းကျေးရွာအုပ်စု မအို့ကျေးရွာရှိ စုမ်မွန်းပိုင်ဆိုင်သည့် ပြည့်စုံဝင်းသောက်ရေသန့်စက်ရုံအတွင်း ဝင်ရောက်ရှာဖွေရာ ပိုင်ရှင်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းခြံဝင်းဂိုဒေါင်အတွင်းမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အီသိုင်းအီသာ ဓာတုဆေးရည် ၄၁၁၆၄ ဒသမ ၀၃ လီတာအား ၅၀ ဂါလန်ဝင် ပလတ်စတစ်ပီပါ ၁၇၇ လုံးအတွင်း ထည့်လျက်တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ နယ်မြေခံတပ်မတော်သားများသည် မိုင်းဆတ်မြို့နယ် ပူနားကိုကျေးရွာ အနီးတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် ဩဂုတ် ၁ ရက်တွင် ဟွေမီး(၁)ကျေးရွာအနီး၌ မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာဟောင်းတစ်ခုအား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြားချက်လုပ်ရာတွင် အသုံးပြုသည့် ကဖင်းအမျိုးအစား ဓာတုဆေးမှုန့် ၆၀ ကီလို၊ အရောင်တင်ဆေးမှုန့် ၁၉၇ ထုပ်၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၊ စိတ်ကြွရူးသွပ်ဆေးပြားရေတွက်သည့် ပုံစံခွက် ငါးခု၊ ဖောက်စက်တစ်လုံး၊ မီးစက် ခုနစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃ ရက်တွင် နယ်မြေခံတပ်မတော်သားများသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် မြေအောက်တွင် ဝှက်ထားသည့် စတီးပေါင်းအိုး သုံးလုံးအား လည်းကောင်း၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် မီးစက်အသေး နှစ်လုံး၊ စတီးပေါင်းအိုးတစ်လုံး၊ ပီပါ ခုနစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စီမံချက်စတင်သည့် ဇူလိုင် ၁၄ ရက်မှ ဩဂုတ် ၄ ရက်အထိ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများမှာ **ဘိန်းဖြူဘလောက်တုံး ၄၄၅ တုံး(အလေးချိန် ၁၅၅ ဒသမ ၇၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၁၆ ပြား၊ အိုက်စ် သုည ဒသမ ၅၀၅ ကီလို၊ ကဖင်း ၆၀ ကီလို၊ အီသိုင်းအီသာ ဓာတုဆေးရည် ၄၁၁၆၄ ဒသမ ၀၃ လီတာ၊ လက်နက်မျိုးစုံ ခုနစ်လက်၊ ခဲယမ်းမျိုးစုံ ၅၂၀ တောင့်၊ ကျည်အိမ် ၂၆ ခု၊ လက်ပစ်ဗုံး သုံးလုံး၊ ဆက်သွယ်ရေးစက် သုံးလုံး၊ မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ် ၂၉၈၇၁ ဒသမ ၂၁၂ သိန်းတို့ကို တရားခံ ၁၄ ဦး**တို့နှင့်အတူ ဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မူးယစ်ရဲတပ်ဖွဲ့ဝင်တို့၏ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထု၏ ပံ့ပိုးကူညီမှုများကြောင့် ယခုကဲ့သို့ အောင်မြင်မှုရရှိခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု ဆိတ်ခြံအခြေစိုက် တပ်စခန်း ကုန်းအနီးတွင် အားဘီနှင့် အားဖာ တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူဘလောက်တုံး ၄၀၄ တုံး၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။**



**ဩဂုတ် ၁ ရက်က မိုင်းဆတ်ခရိုင် မိုင်းတွမ်း အုပ်စု ဟွေမီး (၁) ကျေးရွာ အနီး၌ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။**

## ဒုံသမိမြစ်ရေတိုးလာသောကြောင့် ဒူးရင်းဆိပ်ကျေးရွာ အနိမ့်ပိုင်းရေလုပ်သားအိမ်များ ရေနစ်မြုပ်ကာ ဘေးလွတ်ရာရွှေ့ပြောင်း

**သထုံ ဩဂုတ် ၆**

မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ၌ လွန်ခဲ့သော ၁၀ ရက်ခန့်မှစတင်ကာ မိုးများပြီးမြစ်ရေ တဖြည်းဖြည်း တိုးလာသောကြောင့် ယခုရက်ပိုင်းအတွင်း ဒုံသမိမြစ်ကမ်းနံဘေး အနိမ့်ပိုင်းတွင် နေထိုင်ကြသော ရေလုပ်သားများ၏အိမ်များ ရေနစ်မြုပ်ကာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြသည်။ **(အောက်ပုံ)** “ရေက ကျမသွားဘဲ တဖြည်းဖြည်းတိုးလာတာ၊ ကျွန်တော်ဆို ဒီကိုရောက်တာ သုံးရက်လောက်ရှိပြီ။ တဖြည်းဖြည်းနဲ့ ရွှေ့ပြောင်း လာကြတဲ့ မိသားစုတွေများလာတော့ နေစရာ အခက်အခဲဖြစ်လာတယ်။ ရေကြီးပြီး မိုးကလည်းများနေတော့ ဝမ်းရေးအတွက် ငါးရှာဖို့ကလည်း မဖြစ်နိုင်တော့ အခက်အခဲဖြစ်ပါတယ်”ဟု သဲကုန်းအပိုင်းတွင် နေထိုင်သူ ဦးတင်မြင့်က ပြောသည်။ ဒူးရင်းဆိပ်ကျေးရွာရှိ သဲကုန်းနှင့်ကျားမနိုင် အပိုင်းများတွင် လူနေအိမ်များ ရေနစ်မြုပ်လျက်ရှိသော်လည်း အချို့မိသားစုများမှာ ရေဘေးလွတ်ရာ ဆွေမျိုးများထံ ပြောင်းရွှေ့နေထိုင်ကြပြီး အများစုမှာ ကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားသည့် ကျေးရွာရှိ မြဘုန်းတော်ကြီးကျောင်း၌ နေထိုင်လျက်ရှိကြသည်။ “ဩဂုတ် ၆ ရက်အထိတော့ အိမ်ထောင်စု ၂၃ စုမှ လူဦးရေ ၁၁၃ ဦးကို ကယ်ဆယ်ရေးစခန်းဆီ ရွှေ့ပြောင်းပေးပြီးပါပြီ။ ကျန်ရှိနေသူတွေကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ နာရေးကူညီမှုအသင်းနဲ့ ကြာပန်းကျေးရွာ ဓမ္မပါလလူငယ်အသင်းတို့က လိုက်လံနှိုးဆော်ပြီး နေရာချထားပေးလျက်ရှိပါတယ်။ ဒုက္ခရောက်နေသူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေကိုတော့ ကျေးလက်ကျန်းမာရေးဌာနက ကူညီဆောင်ရွက်ပေးနေပါတယ်”ဟု ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူက ပြောသည်။

**(မြို့နယ်ပြန်/ဆက်)**

**ရန်ကုန်မှ နေပြည်တော်သို့ မြို့ရှောင်လမ်းအတိုင်း ယာဉ်မောင်း ဦး----မောင်းနှင်လာသော ယာဉ်အမှတ် ၇၈/--- Hino ၁၂ ဘီးယာဉ်သည် ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်းအနီးအရောက်၌ မြို့ရှောင်လမ်း၏ လက်ဝဲဘက် လမ်းမှားသို့ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် တိမ်းမှောက်သွားသည်ကို ဩဂုတ် ၆ ရက် နံနက် ၇ နာရီက တွေ့ရစဉ်။**
ကိုပေါက်(ဥက္ကာမြေ)

## အမှတ်(၁၇၅) အဆန် လူစီးရထားလမ်းချော်

**မော်လမြိုင် ဩဂုတ် ၆**

မော်လမြိုင်မြို့မှ ရေးမြို့သို့ စက်ခေါင်းမောင်း ဦးမြင့်စိုးမောင်းနှင်ပြီး ရထားထိန်း ဦးတင်သိန်း လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ်(၁၇၅) အဆန်ရထားသည် ယနေ့ နံနက် ၅ နာရီ ၁၅ မိနစ်ခန့်တွင် မော်လမြိုင်ဘူတာနှင့် သရက်ကုန်းဘူတာအကြား ရထားလမ်းမိုင်တိုင်အမှတ်(၁၇၉/၄မှ၁၁)တွင် စက်ခေါင်း၏နောက် ငါးတွဲမြောက် BDTEZ-10392 ရိုးရိုးတန်းလူစီးတွဲသည် ဘီးအမှတ်(၄)အတွင်းကျ၍ ဘီးအမှတ်(၅)သည် ရထားသံလမ်းနှင့် တစ်ပေခန့်အကွာ လမ်းချော်သွားကြောင်း သိရသည်။

အဆိုပါနေရာသို့ အမှတ်(၈) တိုင်းသွားလာပို့ဆောင်ရေးဌာန မန်နေဂျာ ဦးတင့်ဝေ ရောက်ရှိလာပြီး စီစဉ်ညွှန်ကြား၍ သရက်ကုန်းရုံပိုင်ကြီးနှင့် အင်ဂျင်နီယာလုပ်သားများအဖွဲ့က လမ်းချော်သည့်ဘီးများကို အမြန်ဆုံးမတင်ခဲ့ကြောင်းနှင့် ရထားဘီးချော်ကျမှုကြောင့် ခရီးသည်တစ်ဦး တစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အမှတ်(၁၇၅) အဆန်လူစီးရထားသည် နံနက် ၇ နာရီမိနစ်၅၀ ခန့်တွင် ရေးမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**မင်းမဟာ(မော်လမြိုင်)**

**ကျန်းမာပြည့်ဝ ဘဝသုခ၊ မူးယစ်ဆေးဆို ကင်းစင်မှ “မျှော်လင့်ချက်တို့ ထားနိုင်ရာ သတင်းစကားလေး တစ်ခုပါ။ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ် ကုသနိုင်တဲ့အရာ။”**

# ပညာရဲရင့်ပွဲလယ်တင့်ဖို့ ကျောင်းနေပျော်၍ စာတော်စေ

## စန်းနီလာဝင်း

ပညာနရာနံရတနံ-ပညာသည် လူသားအားလုံး၏ ရတနာစစ် ရတနာမှန်ဖြစ်သည်။ ပညာသမ္မာအာဘာနတ္ထိ-ပညာနှင့်တူသော အလင်းရောင်သည်မရှိဟု မြတ်ဗုဒ္ဓက ပညာ၏အသုံးဝင်သည့် တန်ဖိုးကို ဟောဖော်ညွှန်းပြတော်မူခဲ့သည်။ ပညာရေးဟူသော ဝေါဟာရကို အကျဉ်းသခ်ေပနည်းဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပါလျှင် လူငယ်လူရွယ်တို့အား လူကြီးများ၏နေရာတွင် ဆက်ခံနိုင်စေရန် လူမှုပတ်ဝန်းကျင်နှင့် လိုအပ်သလိုညှိယူပြီး လူ့ဘောင်အဖွဲ့အစည်းတွင် တိကျစွာပါဝင်ဆောင်ရွက်နိုင်သူများ ဖြစ်လာစေရန် လူကြီးမိဘ၊ ဆရာသမားများက လေ့ကျင့်သင်ကြားပြုစုပျိုးထောင်ပေးခြင်းဟူ၍ အဓိပ္ပာယ် ရရှိသည်။

"သူမြတ်ပဏ္ဍိ၊ ပညာရှိနှင့်
မညီမဆ၊ ပြုသမျှကား
မလှစီးပွား၊ ရေနစ်ဆားသို့
ပျက်ပြားတတ်စွာ၊ မချမ်းသာဘူး
သိမ်မွေ့နက်နဲ၊ ခက်ခဲရေးရာ
ရောက်သောခါ၌၊ ပညာရှိအား
လိုလားကြ၏။
ရန်သူတွေ့ဆဲ၊ စစ်မြေပွဲဝယ်
ရဲရင့်သူကို၊ အလွန်လို၏
ငြိုငြင်ရေးရာ၊ တွေ့သောခါ၌
ပညာကဝိ၊ အလိုရှိ၏
သိမ်မွေ့နက်နဲ၊ ခက်ခဲရေးရာ
ရောက်သောခါဝယ်၊ ပညာရှိအား
လိုကြငြား၏" ကျေးဇူးရှင်ကဝိအကျော်အမော်လယ်တီဆရာတော်ဘုရားကြီးက ပညာ၏အသုံးဝင်တန်ဖိုးကို ဖော်ပြပါအတိုင်း မာဃဒေဝလင်္ကာကျမ်းကြီးတွင် ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

ယနေ့ ၂၁ ရာစု၏ စီးပွားရေးသည် "ပညာအခြေပြုစီးပွားရေး" (Knowledge Base Economy)ပင်ဖြစ်သည်။ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်တစ်ခုဖြစ်သော "အားလုံးအတွက်ပညာရေး" (Education for All)မူဝါဒနှင့်အတူ ပညာ၏အသုံးဝင်တန်ဖိုးကို အနှစ်ချုပ်ဖော်ပြရာတွင် "ပညာရေးသည် ဆင်းရဲနွမ်းပါးမှု (Poverty)ကို တိုက်ဖျက်ရာတွင် ထိရောက်သော လက်နက်တစ်ခုဖြစ်ပြီး ပြည်သူလူထု၏ဘဝရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းကိုပေးပြီး ဘဝကိုကယ်တင်စောင့်ရှောက်နိုင်သော အရာဖြစ်သည်။" (Education is an effective weapon to Fight-poverty. It saves lives and gives people to chance to improve their lives.)ဟု ဖွင့်ဆိုထားသည်ကိုလည်း တွေ့ရသည်။

ပညာဖွံ့ဖြိုးမှ စီးပွားရေး၊ လူမှုရေး တိုးတက်လာမည့်ခေတ်ဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် ပညာဖွံ့ဖြိုးမှုဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများ (Human Resource Development)ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ လွန်ခဲ့သည့် ၂၀ ရာစုခေတ်က နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို နှိုင်းယှဉ်တိုင်းတာလေ့လာကြည့်မည်ဆိုပါက "ကုန်သွယ်မှုရှင်းတမ်း" (Balance of Trade)၊ "ငွေပေးငွေယူရှင်းတမ်း" (Balance of Payment)တို့ဖြင့် နှိုင်းယှဉ်ကြည့်ခဲ့ကြသည်။ ယနေ့ မျက်မှောက်ကာလတွင်မူ "နိုင်ငံတကာ ပညာရည်နှိုင်းယှဉ်မှု" (International Balance of Knowledge) တို့ဖြင့်တိုင်းတာသည့် "ပညာခေတ်" (Age of Knowledge) ဖြစ်လာသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုအနေအထားတိုးတက်မှုပုံရိပ်များကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးက လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆန္ဒနှုန်းကိန်း (HDI = Human Development Index) ဖြင့် ချိန်ထိုးတိုင်းတာပါသည်။ "လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆန္ဒနှုန်းကိန်း"ဆိုသည်မှာ အဘယ်အရာပါနည်း၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆန္ဒနှုန်းကိန်းတွင်-

(၁) သက်ဆိုင်ရာနိုင်ငံရှိ နိုင်ငံသားတိုင်း၏ မျှော်မှန်းသက်တမ်း (Expectancy of Life & Birth)
(၂) သက်ကြီးစာတတ်မြောက်မှု အချိုးအစား (Adult Literacy ratio)
(၃) မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာသင်ကြားမှုအချိုးအစား (Combined First, Second and Third level school enrolement ratio)နှင့်
(၄) ဝင်ငွေ (Income) တို့ ပါဝင်ကြသည်။

မြန်မာ့ပညာရေးဖွံ့ဖြိုးမှု ကြိုးပမ်းမှုလုပ်ငန်းစဉ်တွင် ယခုနှစ်ပညာသင်နှစ်မှစ၍ မူလတန်းသာမက အလယ်တန်းအဆင့်ပါ အခမဲ့ပညာရေးစနစ် စတင်အကောင်အထည်ဖော်လာနိုင်ပြီဖြစ်၍ အတိုင်းမသိပီတိဖြစ်ရပါသည်။ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များတွင်လာမည့် "၂၀၁၅ ခုနှစ်ကို နောက်ဆုံးထားရှိ၍ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကလေးသူငယ်အားလုံး အခြေခံမူလတန်းပညာကို သင်ယူတတ်မြောက်ထားပြီး ဖြစ်စေရန်" (Ensuring universal primary education for boys and girls by 2015) ဟူသော ရည်မှန်းချက်တစ်ရပ်ပါရှိသည်ကိုတွေ့ရသည်။

ယနေ့ မျက်မှောက်ကာလတွင် ကမ္ဘာ့ဒေသအလိုက် ပညာရေးအသုံးစရိတ် ထပ်မံလိုအပ်မှုတန်ဖိုးငွေပမာဏကို လေ့လာကြည့်ကြပါစို့-

(၁) ဆာဟာရနှင့် အာဖရိကဒေသ
အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ
(၂) တောင်အာရှဒေသ
အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ
(၃) အရှေ့အလယ်ပိုင်းဒေသနှင့်မြောက်အာဖရိကဒေသ
အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ
(၄) အရှေ့အာရှနှင့် ပစိဖိတ်ဒေသ
အမေရိကန်ဒေါ်လာ သုည ဒသမ ၇ ဘီလီယံ
(၅) လက်တင်အမေရိကဒေသနှင့် ကရစ်ဘီယံဒေသ
အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ
(၆) ဥရောပဒေသနှင့် အမေရိကဒေသ
အမေရိကန်ဒေါ်လာ ၇ ဘီလီယံ

ယနေ့လက်ရှိ ကမ္ဘာ့ပညာရေးနှစ်စဉ်အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံရှိနေသည်ဟု သိရသည်။ ထိုကုလသမဂ္ဂ ယူနီဆက်အဖွဲ့ကြီး၏ အစီရင်ခံစာမှာပင် ယနေ့ကမ္ဘာတစ်ဝန်းတွင် မူလတန်းအခြေခံပညာကိုပင် မသင်ကြားနိုင်ကြသည့် ကလေးဦးရေမှာ သန်း ၁၁၀ ရှိနေပြီး ထိုအရေအတွက်ထဲမှ မိန်းကလေးဦးရေ သန်း ၁၀၀ မှာ မူလတန်းပညာကိုပင် မသင်ကြားနိုင်သည်ကို ဝမ်းနည်းဖွယ် တွေ့ရှိရသည်။ ပညာရေး၌ ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်၏ ပစ္စုပ္ပန်ရော အနာဂတ်ပါ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထိရောက်ဆုံးသော ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။

ပညာရဲရင့် ပွဲလယ်တင့်စေရန် ကျောင်းနေပျော်၍ စာတော်ရန် လိုအပ်ပါသည်။ တစ်ချိန်က ကျောင်းကောင်စီ၏ ဆောင်ပုဒ်ဖြစ်သည့် "မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်ကို ကောင်းအောင်ကြိုးစားမည်" ဟူသော ကတိသစ္စာလေးချက်သည် လူတော်လူကောင်းဖြစ်ရန် ကိုယ်ကျင့်တရားကို အခြေခံဖော်ဆောင်ထားသည်ကို တွေ့ရှိရသည်။

လောက၌ လူတော်တွေကောင်းဖို့လိုသည်။ ထို့အတူ လူကောင်းတွေလည်းတော်ဖို့လိုသည်။ လူကောင်းတွေ မတော်ပါက လူ့လောကဖွံ့ဖြိုးမှုနှောင့်နှေးနေလိမ့်မည်။ လူတော်တွေမကောင်းပါက လူ့လောကကြီးယိုယွင်းပျက်စီးဖို့သာရှိတော့သည်။

ပညာသည် ကုသိုလ်အလုပ်သာဖြစ်ပြီး အကုသိုလ်အလုပ်လုံးဝမဟုတ်ပါ။ အကုသိုလ်ကင်းလွတ်မှသာ ပညာဟု ခေါ်ဆိုနိုင်သည်။ ထို့ကြောင့် အဋ္ဌကထာကျမ်းတွင် "ယံ ပရူပ ရောရေဟိတံ အကုသလဝတ္တိတံ = တစ်ပါးသူကို ညှဉ်းဆဲနှိပ်စက်ခြင်း၊ အကုသိုလ်ကင်းခြင်းတို့နှင့် ပြည့်စုံမှသာ အသိပညာ၊ အတတ်ပညာကောင်းဖြစ်မည်"ဟု ဖွင့်ဆိုထားခြင်းဖြစ်သည်။ သာဓကအားဖြင့် ဆေးပညာမှာ အလွန်မွန်မြတ်ပြီး အကုသိုလ်ကင်းသော အတတ်ပညာဖြစ်စေကာမူ ဆရာဝန်၊ ဆေးဆရာ၊ သမားတော်က စိတ်ထားမကောင်းပါက ထိုပညာသည် အချည်းအနှီးဖြစ်သွားတော့သည်။

သို့ဖြစ်၍ အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်၏ မင်္ဂလာသုတ္တန်တွင် "ဗဟုသစ္စဉ္စ၊ သိပ္ပဉ္စဝိနယောစ၊ သုသက္ခိတော-အကြားအမြင်အသိပညာများပြားခြင်း၊ အသိပညာ၊ အတတ်ပညာတတ်မြောက်ခြင်း၊ ကိုယ်ကျင့်သိက္ခာရှိခြင်း" တို့ကို တစ်ဆက်တစ်စပ်တည်း တွဲယှဉ်ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်တို့သည် မိမိတို့ တတ်မြောက်ထားသော ပညာနှင့် ကိုယ်ကျင့်စရဏကို ပေါင်းစပ်ဆောင်ရွက်ကြမှသာ တိုင်းပြည်နှင့် လူမျိုးအတွက် အားထားကြရမည့် အသိပညာရှင်၊ အတတ်ပညာရှင်ကောင်းများ ဖြစ်လာပေမည်။

မြန်မာမှုစကားတစ်ခုတွင် "အစကောင်းမှ အနှောင်းသေချာ" (Good begining is Good ending) ဟူ၍ရှိသည်။ ကျောင်းနေပျော်၍ စာတော်ရန်၊ ကြိုးစားရန် လိုအပ်သလို ကိုယ်ကျင့်တရား (Ethics)ကောင်းမွန်ရေးအတွက် ဆရာ ဆရာမတို့က ပြည်သူ့နီတိ (Civic Duty) ကို သင်ကြားပေးကြရမည်ဖြစ်သည်။ ပညာအရာ၌ ပါရဂူ ဒေါက်တာဘွဲ့ (Ph.D)ရထားစေကာမူ မျိုးချစ်စိတ်ကင်းမဲ့နေလျှင်၊ ကိုယ်ကျင့်တရား ယိုယွင်းပျက်ပြားနေလျှင် တော်သော်လည်း မကောင်း၍ အသုံးတည့်မည်မဟုတ်ပေ။

စာရေးသူငယ်စဉ်က မူလတန်းပညာသင်ဘဝတွင် ဖြစ်ရပ်တစ်ခုကို ပြန်လည်အမှတ်ရနေမိသည်။ ထိုစဉ်က စာရေးသူသည် သာယာဝတီခရိုင် စစ်ကွင်းမြို့ နိဂြောဓာရုံဘုန်းတော်ကြီးကျောင်းတိုက်ရှိ အစိုးရမူလတန်းကျောင်း၌ တတိယတန်းပညာသင် ကျောင်းသားဘဝက ဖြစ်ပါသည်။ ထိုဘုန်းတော်ကြီးကျောင်းတွင် ကျက်သရေခန်း၏ ခေါင်းရင်း၌ ဆီးပင်ကြီးတစ်ပင်ရှိပြီး ထိုဆီးပင်ကြီးမှ ဆီးတော်သီးကြီးများကို တစ်ခါစားမိလိုက်သည်နှင့် နောင်အခါခါ စားချင်လောက်အောင် အရသာချိုမြိန်လှပါသည်။ ထိုစဉ်က ကျွန်တော့်၏ဘိုးဘွားမိဘများမှာ ကျောင်းထိုင်ဆရာတော်၏ ပစ္စည်းလေးပါးဒါယိကာ၊ ဒါယကာမများဖြစ်ကြ၍ ကစားကျောင်းဆင်းချိန်တွင် ဘုန်းတော်ကြီးက ကျွန်တော့်ကို ခေါ်ခိုင်းပြီး ဆီးသီးများကို စွန့်လေ့ရှိပါသည်။ ကျွန်တော်က ကစားဖော်ကစားဖက်သူငယ်ချင်းများနှင့် ဝေစားသည်။ ထိုသို့ စားနေရပါသော်လည်း မတင်းတိမ်နိုင် လောဘတက်လာပြန်သည်။ သို့ရာတွင် ထိုဆီးတော်ပင်ကြီးမှ ဆီးသီးများကို ဆရာတော်၏ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ခူးခွင့်မရှိပေ။

တစ်နေ့သောနေ့ခင်း ကစားကျောင်းဆင်းချိန်တွင် ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် ထိုဆီးပင်ကြီးမှ ဆီးသီးကို ခိုးယူစားရန် တီးတိုးတိုင်ပင်သဘောတူကြသည်။ ကျွန်တော်တို့ထဲတွင် အသက်အကြီးဆုံးဖြစ်ပြီး သစ်ပင်တက်တော်လှသော မောင်ဘကို ဆိုသူက ကပျာကယာနှင့် အချိန်တိုကလေးအတွင်း ဆီးပင်ပေါ်တက်ပြီး လှုပ်ချလိုက်ရာ ဆီးသီး ၁၀၀ ကျော်လောက် တဖုတ်ဖုတ်ကြွေကျလာသည်။ ဆီးပင်အောက်မှ အခြေအနေကြည့်ရင်း စောင့်နေသော ကျွန်တော်နှင့် မောင်မောင်မြင့်ဆိုသူက ဆီးသီးများ တစ်လုံးမကျန်အောင် အမြန်ကောက်ယူ ပုဆိုးခါးပိုက်ထဲသို့ထည့်ကာ သုံးယောက်သားစုဝေးပြီး ဝေပုံခွဲကြသည်။ ပြီးလျှင် မည်သူမျှမသိရအောင် ကျောင်းအောက်ဆုံးထပ်သို့ ခေါင်းငုံ့ဝင်ပြီး နေရာယူလိုက်ကြသည်။ ကျောင်းအောက်ဆိုသည်မှာ ကျွန်တော်တို့ တစ်ထိုင်သာသာအပေါ်၌ ကြမ်းပြင်ရှိပြီး အောက်၌ မြေသားပြင်ရှိသည့်နေရာဖြစ်သည်။

**ပညာရေးသည် ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရာတွင် ထိရောက်သော လက်နက်တစ်ခုဖြစ်ပြီး ပြည်သူလူထု၏ ဘဝရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းကိုပေးပြီး ဘဝကိုကယ်တင်စောင့်ရှောက်နိုင်သော အရာဖြစ်သည်။**

**လောက၌ လူတော်တွေကောင်းဖို့လိုသည်။ ထို့အတူ လူကောင်းတွေလည်းတော်ဖို့လိုသည်။ လူကောင်းတွေ မတော်ပါက လူ့လောကဖွံ့ဖြိုးမှု နှောင့်နှေးနေလိမ့်မည်။ လူတော်တွေမကောင်းပါက လူ့လောကကြီး ယိုယွင်းပျက်စီးဖို့သာ ရှိတော့သည်။**

ထိုစဉ် ခေါင်းပေါ်ရှိကြမ်းပြင်တွင် မိန်းကလေးများဖြစ်ကြသော မခင်စန်းမြင့်၊ မခင်ခင်၊ မလှကြည်၊ မသန်းအေး၊ မလှမြင့်၊ မသန်းသန်းတို့သည် ကြက်ဖခွပ်တမ်းကစားနေကြသည်။ ကျွန်တော်တို့သူငယ်ချင်း သုံးဦးမှာလည်း ခိုးခူး၍ရသော ဆီးသီးများကိုစားရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တခိခိရယ်ရင်း ပျော်နေကြပါသည်။

မကြာမီ အတန်းပိုင်ဆရာကြီး ဦးအောင်လှက ကျွန်တော်တို့သုံးဦးကို ခေါ်နေကြောင်း ကျောင်းသားတစ်ဦးက လာပြောသည်။ ကျွန်တော်တို့ သုံးဦးသည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ထိတ်လန့်သွားကြသည်။ ဆီးသီးခိုးစားသည်ကိုမြင်သွား၍ သို့မဟုတ် တစ်ယောက်ယောက်က သွားတိုင်ကြား၍ ခေါ်သည်ဟု ထင်မိသည်။ ရိုက်နှက်ဆုံးမရာတွင် အလွန်နာမည်ကြီးပြီး လက်သံပြောင်လှသော ဆရာ့စားပွဲရှေ့သို့ ရောက်သွားသောအခါ ကျွန်တော်တို့ သုံးဦးစလုံး မျက်စိမျက်နှာပျက်နေကြသည်။

"ကဲ မင်းတို့ သုံးယောက် ကျောင်းအောက်ထဲဝင်ပြီး ကြမ်းပေါက်က ကောင်မလေးတွေ ကြက်ဖခွပ်တမ်း ကစားနေတာကို မင်းတို့ချောင်းကြည့်တယ်လို့ ခင်စန်းမြင့် လာတိုင်တယ်၊ ဟုတ်သလား မှန်မှန်ပြောကြစမ်း၊ ငါ့ကြိမ်လုံးအကြောင်း မင်းတို့ သိတယ်နော်"

ထိုသို့ပြောရင်းကပင် ဆရာကြီးက သူ့ရှေ့ရှိ စားပွဲပြင်ပေါ်သို့ ကြိမ်လုံးဖြင့် ဖြန်းခနဲမြည်အောင် တအားရိုက်ပြလိုက်သည်။

"ကဲ ဘကို၊ မင်းက ဒီအထဲမှာ အသက်အကြီးဆုံး၊ မှန်မှန်ပြောရင်ပြော မပြောရင်တော့ ဒီကြိမ်လုံးအကြောင်း မင်းသိတယ်နော်"

"ဟုတ်-ဟုတ်ပါတယ် ဆရာကြီး"

ဘကိုက ကြောက်အားလန့်အားနှင့် မဟုတ်တရုတ်တွေ ပြောနေလေပြီ။

"မဟုတ်ပါဘူး ဆရာကြီး" ကျွန်တော်က ဝင်ပြီး ငြင်းလိုက်ပါ၏။

"မင်းမလိမ်နဲ့နော်၊ လိမ်ရင် ခြောက်ကြိမ်နဲ့ ပိုအရိုက်ခံရမယ်ဆိုတာ သိတယ်မဟုတ်လား"

"ကဲ မောင်မောင်မြင့်၊ မင်းက ဒီအထဲမှာ ဒုတိယ အသက်အကြီးဆုံး ဟိုမှာအငယ်ဆုံးကောင်က ထပ်လိမ်နေပြန်ပြီ၊ ငါ့ကိုမှန်မှန်ပြောစမ်း"

"မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော်တို့ မိန်းကလေးတွေကို ချောင်းမကြည့်ပါဘူး"

"ဒါဖြင့် ဘာလုပ်နေကြတာလဲ၊ ကျောင်းအောက်ထဲ ဝင်ပြီး မှန်မှန်ပြောစမ်း"ဟုဆိုကာ စားပွဲပြင်ပေါ်သို့ ကြိမ်လုံးဖြင့် ဖြန်းခနဲမြည်အောင် ရိုက်ပြလိုက်ပြန်သည်။

ထိုအခါ သူငယ်ချင်း မောင်မောင်မြင့်ခမျာ ဘာပြန်ပြောရမှန်းမသိဘဲ အတန်ကြာအောင် ငြိမ်နေသည်။ ထိုအခါ ဆရာကြီးမှာ မျက်နှာကြီးနီလာပြီး ဒေါသပိုဖြစ်ကာ "မင်းတို့သုံးယောက် တစ်ယောက်တစ်ပေါက် မဟုတ်တာ လုပ်ချင်တဲ့ကောင်တွေ၊ ကဲ ဟိုဘက်လှည့်" ဟုဆိုကာ ကြိမ်လုံးကြီးနှင့် တအားလွှဲရိုက်မည်ပြုသောအခါ ကျွန်တော်က "ဆရာကြီး ကျွန်တော်တို့ကျောင်းအောက်ဝင်နေပြီး မိန်းကလေးတွေကို ချောင်းကြည့်တာလုံးဝမဟုတ်ပါဘူး၊ ဘုန်းဘုန်းရဲ့ ဆီးပင်က ဆီးသီးတွေကို ခိုးခူးပြီး လူမမြင်အောင် ကျောင်းအောက်ထဲဝင်ပြီး ခိုးစားနေတာပါ ဆရာကြီး" ဟု ဝန်ခံပြောလိုက်သည်။

ထိုအခါမှ အမှုမှန်ပေါ်သွားတော့ကာ ကျွန်တော်တို့ သုံးဦးအား ဆီးသီးခိုးစားသောပြစ်မှုဖြင့် ကြိမ်ဒဏ်သုံးချက်စီ အပြစ်ပေးခံခဲ့ရသည်။ ရှက်လိုက်သည့်ဖြစ်ခြင်း။ ထိုမူလတန်းကျောင်းသားဘဝမှ ပေးလိုက်သော ဘဝသင်ခန်းစာတစ်ပုဒ်သည် အချိန်တန်အရွယ်ရောက် လူလားမြောက်ပြီး အရာထမ်းဘဝနှင့် အစပျိုးခဲ့ရသော ကျွန်တော့်ဘဝ အဂတိတရားများကို ကိုယ်ကျင့်စရဏဖြင့် အောင်မြင်စွာ ကျော်လွှားလွတ်မြောက်နိုင်စေခဲ့ပါသည်။

ထို့ကြောင့် လူငယ်မောင်မယ်တို့သည် ပညာသင်ဘဝတွင် ပညာရဲရင့် ပွဲလယ်တင့်စေရန် ကျောင်းနေပျော်၍ စာတော်အောင် ကြိုးစားကြရပါမည်။ ထိုသို့ကြိုးစားရင်းက မိမိကိုယ်ကိုကောင်းအောင် ကြိုးစားခြင်း၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားခြင်း၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားခြင်း၊ မိမိတိုင်းပြည်နှင့် လူမျိုးကောင်းအောင်ကြိုးစားခြင်းတို့ဖြင့် အနာဂတ်တွင် နိုင်ငံတော်တည်ဆောက်သူများ (Statesman) ဖြစ်လာကြပါစေကြောင်း ဆန္ဒပြုဆုတောင်းလိုက်ပါသည်။ ။

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၃၁/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၈/၂၀၁၂)၊ ၁၂-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၄/၂၀၁၃) နှင့် ၁-၈-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၀/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | လေ ၂၅၅၂<br>ဗိုလ်မှူးနေလင်းအောင် | (အစား) | လေ ၂၈၅၄<br>ဗိုလ်မှူး မျိုးမင်းထွန်း |
| (၂) | ကြည်း ၂၅၂၅၃<br>ဗိုလ်မှူးမင်းသူဇော် | (အစား) | ကြည်း ၃၅၉၀၆<br>ဗိုလ်မှူး ကောင်းသန့်ကျော် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၃၄၁၃၀<br>ဗိုလ်မှူးသောင်းလှိုင် | (အစား) | ကြည်း ၃၅၆၅၂<br>ဗိုလ်မှူး ကျော်ကျော်ဝေ |
| (၄) | ကြည်း ၃၃၀၇၇<br>ဗိုလ်မှူးသက်ဇော်ထွန်း | (အစား) | ကြည်း ၃၆၂၀၁<br>ဗိုလ်မှူးမျိုးမင်းသူ |
| (၅) | ကြည်း ၂၉၅၇၈<br>ဗိုလ်မှူးမျိုးမင်းအောင် | (အစား) | ကြည်း ၃၃၅၂၂<br>ဗိုလ်မှူးအောင်ဇော်မျိုး |
| (၆) | ကြည်း ၃၅၅၆၀<br>ဗိုလ်မှူးမင်းထက် | (အစား) | ကြည်း ၂၇၄၂၅<br>ဗိုလ်မှူးလှထွန်းအောင် |
| (၇) | ကြည်း ၃၃၁၀၄<br>ဗိုလ်မှူးသန့်ဇင်ဦး | (အစား) | ကြည်း ၃၂၇၂၇<br>ဗိုလ်မှူးမျိုးထွန်း |
| (၈) | ကြည်း ၃၄၃၄၇<br>ဗိုလ်မှူးသက်လွင်ဦး | (အစား) | ကြည်း ၂၆၁၉၀<br>ဗိုလ်မှူးအောင်မျိုးကြည် |
| (၉) | ကြည်း ၃၅၁၃၂<br>ဗိုလ်ကြီးခင်မောင်ဝင်း | (အစား) | ကြည်း ၄၆၃၁၇<br>ဗိုလ်ကြီးမျိုးကိုကိုဝင်း |
| (၁၀) | ကြည်း ၃၂၄၆၉<br>ဗိုလ်ကြီးသန်းမြင့် | (အစား) | ကြည်း ၃၃၈၀၄<br>ဗိုလ်ကြီးပေါ်လာ |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## စီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ပဲခူးမြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပသော တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲ၌ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရာတွင် အခြေခံအုတ်မြစ်ခိုင်မာရန် လုပ်ဆောင်ရမည့် တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွားရေး ဦးစားပေးလိုအပ်ချက်များ၊ လုပ်ဆောင်ပေးရမည့် တာဝန်များအား ဆောင်ရွက်နိုင်ရန် တတိယအဆင့် အရှိန်မြှင့်တင်မှုအဖြစ် ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများအား ဌာနတိုင်းတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ပိုမိုဖြစ်ထွန်းအောင်မြင်စေရန် ဝန်ထမ်းများက ရှေ့ဆက်ပြီး ပိုမိုကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ဆွေးနွေးပွဲ တက်ရောက်လာကြသည့် ဝန်ထမ်းများကလည်း ဆွေးနွေးတင်ပြမည့် တင်ပြချက်များ၊ လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးသင့်သည့် အချက်များကို မှတ်သားပြီး အပြန်အလှန်ဆွေးနွေးကြစေလိုကြောင်း၊ တိုးတက်လာသည့် နည်းပညာများအား မျက်ခြည်မပြတ် လေ့လာမှတ်သား၍ လေ့ကျင့်သင်ကြားသွားရမည်ဖြစ်ပါကြောင်း၊ စီမံခန့်ခွဲအုပ်ချုပ်မှုအပိုင်းတွင်လည်း လုပ်ငန်းများအားလုံး လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ရာထူးအဆင့်အလိုက် ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကို မှန်ကန်စွာ ကျင့်သုံးကြရန်လိုကြောင်း၊ မိမိတို့ဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးသည့် နည်းပညာဌာနဖြစ်သည့်အတွက် ခေတ်နှင့်အညီ ပြောင်းလဲလာသည့် နည်းပညာများ၊ အတွေးအခေါ်များ မျက်ခြည်မပြတ် လေ့လာမှတ်သားကြိုးစားလုပ်ကိုင်သွားကြစေလိုပါကြောင်း၊ မိမိလိုအပ်ချက်ထက် ပြည်သူ့လိုအပ်ချက်ကို ဦးစားပေးဆောင်ရွက်သည့် ပြည်သူ့ဝန်ကို ထမ်းသော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် ရင့်ကျက်သည့်စိတ်၊ ထက်မြက်သည့်အတွေးအခေါ်များနှင့် ကောင်းမွန်သည့် လုပ်ဆောင်ချက်များဖြင့် ဝန်ထမ်းများ လုပ်ဆောင်သွားကြစေလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာတို့က ဝန်ထမ်းများ သိရှိလို၍ မေးမြန်းကြသော အချက်အလက်များကို ဖြေကြားပေး၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါခရီးစဉ်၌ ဩဂုတ် ၄ ရက်တွင် ပဲခူးမြို့ အော်တိုအိတ်ချိန်း၊ မိုက္ကရိုဝေ့စခန်း၊ GSM မိုဘိုင်းစခန်းများသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စက်များကြံ့ခိုင်ကောင်းမွန်စေရေး၊ ဆက်သွယ်မှုများ မပြတ်တောက်စေရေး၊ အရန်စက်ပစ္စည်းများ တပ်ဆင်ထားရှိစေရေး မှာကြားခဲ့သည်။

ဩဂုတ် ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိသားစုစာကြည့်တိုက်နှင့် ကြေးနန်းလုပ်ငန်း လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဩဂုတ် ၆**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တောင်ကုတ်မြို့တွင် ၇ ဒသမ ၈၃လက်မ၊ သိမ်ဇရပ်မြို့တွင် ၆ ဒသမ ၁၀ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၄၇ လက်မ၊ ဘီးလင်းမြို့တွင် ၄ ဒသမ ၈၈ လက်မ၊ ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၄ ဒသမ ၅၇ လက်မစီ၊ ညောင်လေးပင်မြို့တွင် ၄ ဒသမ ၃၇ လက်မ၊ မြိတ်မြို့တွင် ၄ ဒသမ ၂၁ လက်မ၊ လောင်းလုံမြို့တွင် ၄ ဒသမ ဝ၆ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၄၇ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၃၉ လက်မ၊ အမ်းမြို့နှင့် သထုံမြို့တို့တွင် ၃ ဒသမ ၂၇ လက်မစီနှင့် ဗန်းမော်မြို့တွင် ၃ ဒသမ ၁၅ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

## စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

**ရွှေတောင် ဩဂုတ် ၆**

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ ကျောင်းသားလူငယ်မောင်မယ်များအား ကျောင်းစာအပြင် ပြင်ပဗဟုသုတတိုးပွားစေမည့် စာအုပ်စာပေများ ဖတ်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ စာသင်ကျောင်းများသို့ စာဖတ်ရှိန် မြှင့်တင်ရေးနှင့် အသိပညာပေးဟောပြောပွဲများ အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၄ ရက်က ရွှေတောင်မြို့နယ် ရေနံမြေ(အလက)မှ ကျောင်းသားကျောင်းသူများအား စာဖတ်သည့် အလေ့အထရှိရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်နှင့် လူကုန်ကူးမှု အန္တရာယ်ကာကွယ်ရေးဆိုင်ရာများကို မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးဆင့်က အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ယင်းနောက် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် သုတ/ရသ စာအုပ်တစ်စောင် အုပ် ၁၀၀ ကို ရက်သတ္တပတ်အကြာ ငှားရမ်းပေးခဲ့ပြီး မြို့နယ်အတွင်းရှိ အခြားအခြေခံပညာကျောင်းများသို့လည်း အလားတူ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မဆင့်(IPRD)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၄၇)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

❒ ရွှေဖုံးမှ
မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်တင်တင်ဝင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံစုံတီးဝိုင်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့မှ ကျောင်းသား ကျောင်းသူများက အာဆီယံသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် အာဆီယံအဖွဲ့ကြီး၏ (၄၇)နှစ်တာခရီးစဉ်ကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် စည်းလုံးညီညွတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် အာဆီယံ၏အဓိကအခြေခံဖြစ်ပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောခြင်းများအတွက် ထင်ရှားသည့်တိုးတက်ခြင်းများကိုလည်း အောင်မြင်စွာရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံ၏ထူးခြားချက်မှာ ကွဲပြားခြားနားမှုများမှတစ်ဆင့် စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်နိုင်ခြင်းဖြစ်ပါကြောင်း၊ ယင်းအခြေခံစိတ်ဓာတ်များသည် အာဆီယံ၏တန်ဖိုးနှင့် အခြေခံမှုများဖြစ်ပြီး ယင်းအခြေခံမှုများသည် အာဆီယံကို အခက်အခဲများမှ အောင်မြင်စွာကျော်လွှားနိုင်စေရန် လမ်းပြဖော်ဆောင်ပေးခဲ့ကြောင်း မိမိအနေဖြင့်ယုံကြည်ပါကြောင်း။

ယနေ့ကာလတွင် အာရှ-ပစိဖိတ်ဒေသကို မဟာဗျူဟာကျသည့် ဒေသတစ်ခုအဖြစ် မြင်တွေ့နေရပါကြောင်း၊ အာဆီယံ၏ စည်းလုံးညီညွတ်မှုသည်လည်း ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း ပိုမိုသိသာစွာတိုးတက်မြင့်မားလာခဲ့ပါကြောင်း၊ အာဆီယံအသိုက်အဝန်းတည်ထောင်ရေးသည် အာဆီယံ၏ စည်းလုံးညီညွတ်မှုကို အခြေခံထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန်တွင် မိမိတို့၏ ဆောင်ပုဒ်အဖြစ် "ရှေ့သို့တူညီတက်လှမ်း၍၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"ဆိုသည့် အနှစ်သာရပြည့်ဝသည့် ဦးတည်ချက်ကို ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယနေ့ကာလသည် အာဆီယံအသိုက်အဝန်းတည်ထောင်မှုအကောင်အထည်ဖော်ဆောင်ရန်အတွက် အလွန်အရေးကြီးသည့် အချိန်ဖြစ်ပါကြောင်း၊ အာဆီယံသည် တစ်စတစ်စကြီးမားကျယ်ပြန့်လာသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် ပုံသဏ္ဌာန်ပြောင်းလဲနေပြီဖြစ်ပါကြောင်း၊ ထိုသို့ပြောင်းလဲရာတွင် တူညီသည့်တန်ဖိုးထားရှိမှုများနှင့် တူညီသောစံချိန်စံနှုန်းများကို အပြန်အလှန်လက်ခံခဲ့ကြပြီး နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်း၊ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းများနှင့် တည်ဆောက်ထားသည့် အာဆီယံအသိုက်အဝန်းကို တည်ထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း။

ယနေ့ကာလတွင် ဒေသတွင်းဖြစ်ပေါ်နေသည့် အပြောင်းအလဲများကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနှင့် ကောင်းမွန်သည့် အုပ်ချုပ်မှုတို့နှင့်ပတ်သက်ပြီး သိရှိနားလည်မှုများမြင့်မားလာခြင်း၊ ဒေသတွင်းနိုင်ငံများအကြား အပြန်အလှန်အမှီသဟဲပြုခြင်းများတိုးမြင့်လာခြင်း၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို ပြည်သူများလက်လှမ်းမီအသုံးပြုနိုင်လာခြင်း စသည့်အပြောင်းအလဲများ ဖြစ်ပါကြောင်း၊ ယင်းအပြောင်းအလဲများသည် ပြည်သူများ၏ နေ့စဉ်ဘဝတွင် အပြုသဘောအကျိုးပြုမှုများဖြစ်ထွန်းစေပါကြောင်း၊ ထိုတိုးတက်မှုရလဒ်ကောင်းများ ရေရှည်တည်တံ့နိုင်အောင် အာဆီယံအသိုက်အဝန်းတည်ထောင်မှုလုပ်ငန်းစဉ်မှ မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအနေဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်မှုကို သတ်မှတ်ထားသည့်အချိန်အတွင်း ပြီးမြောက်စေရန် အားပေးတိုက်တွန်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူအခြေပြု အာဆီယံအသိုက်အဝန်းထူထောင်မှုသည် ဆင်းရဲနွမ်းပါးမှုနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးမညီမျှခြင်းများကို ဖြေရှင်းပေးနိုင်မည်ဟု မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းတည်ထောင်ရေး မျှော်မှန်းချက်များသည် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်အရလည်းကောင်း၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ မူဝါဒများနှင့်လည်းကောင်း ကိုက်ညီမှုရှိပါကြောင်း။

နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ကြွယ်ဝချမ်းသာရေးအတွက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းလမ်းပြမြေပုံသည် ဒေသတွင်းလုံခြုံရေးနှင့် အေးချမ်းသာယာရေးမြှင့်တင်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုအခြေခံများ ခိုင်မာစေရေးအတွက်ဖြစ်ပါကြောင်း၊ ယင်းပူးပေါင်းဆောင်ရွက်မှုမှနေပြီး ဆွေးနွေးဖက်နိုင်ငံများပါဝင်သည့် ပိုမိုကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်သွားရန် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများဖြစ်သည့် လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကူးစက်ရောဂါတားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲခြင်းကဏ္ဍများတွင် ဦးစားပေးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေးကိုလည်း မြှင့်တင်ရန်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်နိုင်ရန်အတွက် ဒေသတစ်ခုလုံးကို ဈေးကွက်တစ်ခုတည်းနှင့် ထုတ်လုပ်မှုတစ်နေရာတည်းဖြစ်ပေါ်လာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းသည် အာဆီယံ၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ဒေသတွင်းနိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျှတစေရန်နှင့် ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ထိထိရောက်ရောက် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံပေါင်းစည်းဆက်သွယ်ရေး မဟာစီမံကိန်းအကောင်အထည်ဖော်မှုနှင့် ဒေသတွင်းအလုံးစုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စီမံကိန်း အကောင်အထည်ဖော်မှုတို့သည် ယင်းရည်မှန်းချက်ကို အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

လူမှုယဉ်ကျေးမှု အသိုက်အဝန်းတည်ဆောက်မှုသည် သဘာဝဘေးဒဏ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသမီး၊ ကလေးသူငယ်များနှင့် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ကူးစက်ပြန့်ပွားစေသည့် ရောဂါများ၊ ကာကွယ်တားဆီးရေးနှင့် ပညာရေးမြှင့်တင်မှု ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အာဆီယံဒေသကို တိုးတက်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက်လည်း လူမှုယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ လမ်းပြမြေပုံကိုချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

အသိုက်အဝန်းတည်ထောင်ရေးဆိုင်ရာ အာဆီယံ၏ မျှော်မှန်းချက်ကို ၂၀၁၅ ခုနှစ် နှစ်ကုန်တွင် ပြီးစီးရန် ရည်မှန်းချက်ထားရှိပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ယင်းရည်မှန်းချက်ကို အချိန်မီပြည့်မီစေရန် ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း၊ အာဆီယံအနေဖြင့် မတူကွဲပြားမှုများကြားမှ စိန်ခေါ်မှုများကို အာဆီယံ၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် အောင်မြင်စွာကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မကြာသေးသည့် ကာလအတွင်း အာဆီယံနိုင်ငံများအကြား စိတ်ထိခိုက်ကြေကွဲဖွယ်ဖြစ်ရပ်များဖြစ်ပွားခဲ့ပါကြောင်း၊ မလေးရှားလေကြောင်း အမှတ်(၁၇)၏ ကြေကွဲဖွယ်ဖြစ်ရပ်ဆိုးနှင့် ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်ဖြစ်သည့် မုန်တိုင်းကျရောက်မှုများကြောင့် အသက်အိုးအိမ်များ ဆုံးရှုံးပျက်စီးခဲ့ရသည့် ဖြစ်ရပ်များအပေါ် မြန်မာအစိုးရနှင့် မြန်မာပြည်သူများက စာနာစိတ်ဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယင်းကဲ့သို့ ဖြစ်ရပ်များကို ကာကွယ်နိုင်ရန်အတွက် အာဆီယံအဖွဲ့အတွင်းသာမက ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကို မြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း။

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌအဖြစ် ဦးဆောင်တာဝန်ယူလျက်ရှိရာ နှစ်လယ်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယခုနှစ်နှစ်စမှ စတင်ပြီး အာဆီယံအဖွဲ့ကြီး၏ ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် ကျင်းပလျက်ရှိပါကြောင်း၊ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကိုလည်း ယခုနှစ်မေလအတွင်းက အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါကြောင်း၊ ယခုရက်ပိုင်းအတွင်းတွင် နေပြည်တော်၌ (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပတော့မည်ဖြစ်ပါကြောင်း၊ ယင်းဝန်ကြီးအဆင့် အစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ ကျယ်ပြန့်စွာပါဝင်ကြမည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ထိုအစည်းအဝေးများမှ အကျိုးရှိသည့်ရလဒ်များကို ဖြစ်ထွန်းစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းတွင် အာဆီယံ၏ ဦးဆောင်မှုအခန်းကဏ္ဍကို အလေးထားထိန်းသိမ်းပြီး အာဆီယံ၏ မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များကို တာဝန်သိသည့်၊ တာဝန်ရှိသည့်နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည် ဖော်ဆောင်သွားမည်ဖြစ်ကြောင်းကို အတည်ပြုပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ အာဆီယံအပေါ် မျှော်မှန်းချက်ဖြစ်သည့် ရှေ့သို့တူညီစွာ တက်လှမ်း၍ပြီး ငြိမ်းချမ်းသာယာဝပြောသည့် အာဆီယံအသိုက်အဝန်းကို တည်ထောင်ရန် မျှော်မှန်းချက်ကို အပြည့်အဝအကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အာဆီယံအလှည့်ကျ ဥက္ကဋ္ဌကိုယ်စား အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်က (၄၇)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသူများအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက WE ARE ASEAN တေးသီချင်းဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများနှင့် ဆုရကျောင်းသားကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များသည် အာဆီယံ (၁၀) နိုင်ငံမှ ရိုးရာပစ္စည်းများ၊ အာဆီယံလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ အာဆီယံစာတမ်းများနှင့် ဆုရစာစီစာကုံးများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

■

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် (၄၇)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် (၄၇)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**မြန်အောင် ဩဂုတ် ၆**

အနောက်တိုင်း စစ်ဌာနချုပ် အမှတ်(၄) စစ်မြေပြင်ဆေးတပ်ရင်း နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဇူလိုင် ၆ ရက်က မြန်အောင်မြို့နယ် ကနောင်မြို့ အမှတ်(၃)ရပ်ကွက် ရွှေရောင်ပြဘုရားဓမ္မာရုံ၌ ကနောင်မြို့ပေါ်ရှိ ရပ်ကွက်ငါးခုမှ ဒေသခံပြည်သူများနှင့် အိုးဘို၊ ကျွဲတဲကုန်းကျေးရွာတို့မှ ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးကုသခြင်းကို ဗိုလ်မှူးမျိုးမြင့်အောင် ဦးဆောင်သော ခွဲစိတ်ကုပါရဂူ၊ ရောဂါဗေဒ၊ သားဖွားမီးယပ်၊ အထွေထွေရောဂါကုပါရဂူ၊ ကလေးကုသမှုပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူနှင့် မျက်စိပါရဂူ ဆရာဝန်ကြီးများက ရောဂါများ ရှာဖွေစမ်းသပ်စစ်ဆေး၍ ဆေးဝါး ကုသပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

မြန်အောင် မြို့နယ်အတွင်း ထူးကျေးရွာအုပ်စုနှင့် တာခွတဲကြီးကုန်းကျေးရွာအုပ်စုတို့တွင်လည်း ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များ၏ နံနက်ပိုင်းပွဲစဉ်များတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးအားကစားကွင်း အမှတ်(၃)၌ အုပ်စု(င)မှ ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား သုံးဂိုး-တစ်ဂိုးနှင့် ကွင်းအမှတ်(၄)၌ အုပ်စု(စ)မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းအား လေးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိကြသည်။

ညနေပိုင်းပွဲစဉ်များတွင် ကွင်းအမှတ်(၃)၌ အုပ်စု(စ)မှ သာသနာရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းအား နှစ်ဂိုး-ဂိုးမရှိနှင့် ကွင်းအမှတ် (၄)၌ အုပ်စု(က)မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ဆက်သွယ်ရေး သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနအသင်းအား ငါးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိကြသည်။

ဩဂုတ် ၇ ရက် ပွဲစဉ်များအဖြစ် နံနက်ပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(က)မှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအသင်း၊ ကွင်းအမှတ်(၄)၌ အုပ်စု(ခ)မှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ ညနေပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(ခ)မှ ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ကွင်းအမှတ်(၄)၌ အုပ်စု(ဂ)မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တတိယအဆင့် အရှိန်မြှင့်တင်မှု ရှင်းလင်းဆွေးနွေး

**ပဲခူး ဩဂုတ် ၆**

နိုင်ငံတော်၏ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင်ပြုလုပ်ရာ **(ယာပုံ)** လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များ၊ ဒုတိယဝန်ကြီးများ၏ လမ်းညွှန်မှာကြားချက်များ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်များကို ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးဆန်းဝင်းက ခရိုင်/မြို့နယ် မြေစာရင်းဦးစီးဌာနမှူးများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး အစည်းအဝေးတွင် တိုင်းဒေသကြီးရုံးမှ ခြောက်ဦး၊ ခရိုင်/မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ၃၂ ဦး စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(တိုင်းမြေစာရင်း)**

# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး စည်းဝေး

**နေပြည်တော်   ဩဂုတ်   ၆**

ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်အရ မိမိတို့နိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုနှုန်း ၂၆ ရာခိုင်နှုန်းအား ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်နှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ ရုန်းထွက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ကာလရှည်အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းများရေးဆွဲပြီးဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီ၏ စီးပွားရေး ထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ဆပ်ကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်နိုင်ရန် ဆပ်ကော်မတီအောက်တွင် စီးပွားရေးဆိုင်ရာ အထောက်အကူပြုကော်မတီ၊ ထိခိုက်လွယ်မှုဆိုင်ရာ အထောက်အကူပြုကော်မတီ၊ နည်းပညာဆိုင်ရာ အထောက်အကူပြုကော်မတီနှင့် ဆပ်ကော်မတီရုံးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်(မူကြမ်း) ချမှတ်ထားပါကြောင်း၊ ဆပ်ကော်မတီရုံးအနေဖြင့် အထောက်အကူပြုကော်မတီများကို ချိတ်ဆက်ပေးခြင်းနှင့် ဆပ်ကော်မတီတစ်ခုလုံး၏ ရုံးပိုင်းဆိုင်ရာကိစ္စများ၊ ဆက်ဆံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဆပ်ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာအထောက်အကူပြုကော်မတီများအလိုက် ဝန်ကြီးဌာနလုပ်ငန်းများနှင့် ချိတ်ဆက်အကောင်အထည်ဖော်ရာတွင် ထိရောက်စေရန်နှင့် အသေးစိတ်လုပ်ငန်းစီမံချက်များအား ထပ်မံရေးဆွဲနိုင်ရန်အတွက် ဌာနများအလိုက် ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် အထောက်အကူပြုကော်မတီဝင်များက လုပ်ငန်းလိုအပ်ချက်များနှင့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**✻ ပြည်ထောင်စုငြိမ်းချမ်းရေးမှ**

မိမိတို့အနေဖြင့် ပါတီအားလုံးအတွက် နိုင်ငံရေးဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ပါတီအားလုံးက ညီညွတ်စွာ ပူးပေါင်းပါဝင်ကြရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးကိစ္စရပ်များနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်ကြသည့် နိုင်ငံရေးပါတီဝင်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အမြင်သဘောထားများကို အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ MPC အဖွဲ့ဝင်များနှင့် ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီ ရှစ်ခုတို့မှ ပါတီဥက္ကဋ္ဌများ၊ ပါတီအတွင်းရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ဧရာဝတီ ဗိုလ်လုပွဲသို့ တက်ရောက်

**နေပြည်တော်   ဩဂုတ်   ၆**

MFF Ooredoo Cup ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပသည်။

**(ပထမပွဲ) ဧရာဝတီ - တစ်ဂိုး (ကိုနေး)**
**ရတနာပုံ - ဂိုးမရှိ။**

ယခု နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်ကောင်းများ ဆက်တိုက်ရယူနေသည့် ဧရာဝတီအသင်းမှာ ယခုပွဲတွင်လည်း နာမည်ကြီးရတနာပုံအသင်းကို ကျော်ဖြတ်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ နှစ်သင်းစလုံးတွင် အမာခံကစားသမားများပါဝင်နိုင်ခြင်းမရှိဘဲ ဧရာဝတီအသင်းက အကောင်းဆုံးပုံစံကို ပြသနိုင်ခဲ့သည်။

ဧရာဝတီအသင်းအား ဗိုလ်လုပွဲသို့ တက်ရောက်စေမည့်တစ်လုံးတည်းသော အနိုင်ဂိုးကို ၄၁ မိနစ်တွင် ကိုနေးက သွင်းယူပေးခဲ့သည်။ ရတနာပုံအသင်းမှာ ဖလားနှစ်လုံးရရှိရေး ကြိုးပမ်းခဲ့သော်လည်း ယခု ရှုံး/ထွက်ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သောကြောင့် ဖလားတစ်လုံးကို စောစီးစွာ လက်လွှတ်ခဲ့ရပြီဖြစ်သည်။

**(ဒုတိယပွဲ) ချင်းယူနိုက်တက် - ငါးဂိုး**
**နေပြည်တော် - ခြောက်ဂိုး**

MFF Cup ရှုံး/ထွက်ပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

# ဧရာဝတီမြစ်ရေကြီးမှုကြောင့် ကျွဲစွန်းဆိပ်တွင်နေထိုင်သော ပျံကျလုပ်သားတို့ ရေပေါ်အိမ်များဖြင့်အခက်အခဲတွေ့

**မန္တလေး   ဩဂုတ်   ၆**

မန္တလေးမြို့ ကျွဲစွန်းဆိပ်သည် (၂၂) လမ်းထိပ်တွင်တည်ရှိသောဧရာဝတီမြစ်ဆိပ်ကမ်းတစ်ခုဖြစ်ပြီး ရိုးရာကူးတို့လုပ်ငန်း၊ ဝါးထင်းလုပ်ငန်းတို့ဖြင့် စည်ကားသောဆိပ်ကမ်းတစ်ခုပင်ဖြစ်သည်။ ယင်းဆိပ်တွင် ဝါးဖောင်များ အဓိကဆိုက်ကပ်ပြီး နယ်စုံမှ ပျံကျလုပ်သားများစွာ နေထိုင်ကြသည်။

ဆိပ်ကမ်းလုပ်သားများသည် အိမ်ငှားရမ်းခ ဈေးနှုန်းကြီးမြင့်သည့်အတွက် ဆိပ်ကမ်းအနီး တာပေါင်ဘေးတွင် ယာယီတဲများဖြင့် မိသားစုများဖြစ်သလို နေထိုင်လုပ်ကိုင်ကြရသည်။ **(ယာပုံ)** နွေရာသီအတွက် ယာယီတဲများမှာ ပြဿနာမရှိသော်လည်း ဧရာဝတီမြစ်ရေတိုးသည့် ယခုကဲ့သို့ကာလတွင် ပျံကျလုပ်သားများအတွက် အခက်အခဲတွေ့သော ကာလပင်ဖြစ်သည်။ အများစုမှာ ရေပေါ်တဲအိမ်များကို ဝါးဖောင်ခံကာ ပြုလုပ်ပြီး ရေပေါ်တွင်နေထိုင်ကြသည်။ ဝါးဖောင်အိမ်ပြုလုပ်မှုတွင် ဝါးဖိုးဈေးနှုန်းကြီးမြင့်သည့်အတွက် လူတိုင်းရေပေါ်အိမ်မဆောက်နိုင်ကြပေ။ အချို့သော ရေပေါ်အိမ်ဆောက်နေထိုင်သူများသည် ဝါးခိုစေရန် ငါးဈေးတန်းမှ ဖော့ပုံးအစုတ်များကို လိုက်ကောက်ကာ ပီနံအိတ်အတွင်းထည့်၍ အောက်ခံပြုလုပ်ကာ ဖော့ခံဖောင်ဖြင့် ရေပေါ်အိမ်တည်ဆောက်နေထိုင် လုပ်ကိုင်လျက်ရှိကြသည်။

ရေပေါ်အိမ်တစ်လုံး တည်ဆောက်ရန် အနည်းဆုံး ငွေတစ်သိန်းကျော်ကုန်ကျကြောင်း သိရသည်။ ရေပေါ်အိမ်စရိတ် မတတ်နိုင်သူတို့မှာ နီးစပ်ရာကမ်းတွင် မိုးကာများမိုးကာ ဖြစ်သလို နေထိုင်ကြရသည်။

ယခုအခါ ရေပေါ်အိမ်အများစုသည် ရေတိုးလာသဖြင့် ကမ်းနားအထိ ရောက်ကာ ပြွတ်သိပ်ကျပ်လျက်ရှိသည်။

မန္တလေးမြို့ ကျွဲစွန်းဆိပ်ကမ်းရှိ ပျံကျလုပ်သားများမှာ ဖြစ်သလို နေထိုင်စားသောက်လုပ်ကိုင်ကာ ဧရာဝတီမြစ်ရေ တိုးမှုကြောင့် အခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

# ပင်လောင်းမြို့နယ် ရင်းမှီးပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၇၆၀ ဖမ်းဆီးရမိ

**နေပြည်တော်   ဩဂုတ်   ၆**

ပင်လောင်း အမှတ်(၂၄)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၄ ရက် ည ၁၀ နာရီခန့်က ပင်လောင်းမြို့နယ် ရင်းမှီးပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ပင်လောင်းဘက်မှ ဖယ်ခုံဘက်သို့ မောင်ဦးမောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေရာ ဆီတိုင်ကီနှင့် ဘေးကာဘာများအတွင်းကြားတွင် သိုဝှက်သယ်ဆောင်လာသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၇၆၀၊ တစ်ပြားလျှင် ၃၀၀၀ ကျပ်နှုန်းဖြင့် ယင်းဒေသ တန်ဖိုးငွေကျပ် ၂၉၂၈၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများမှာ နမ့်စန်မြို့နယ် လိုက်ခါးကျေးရွာနေ ဖရားမောင်က ပင်လောင်း-ညောင်ရွှေ-တုန်ဟုန် ကားလမ်းပေါ်ရှိ ကျောက်တစ်လုံးလမ်းခွဲအနီးသို့ချိန်းဆိုပြီး ဖယ်ခုံမြို့နယ် ရီနွဲ့ကျေးရွာအုပ်စု ဟန်းဘူးကျေးရွာရှိ ၎င်းပိုင်ဘိန်းစိုက်ခြံသို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် မောင်ဦးနှင့် ဖရားမောင်(ခ)ဦးမောင်(ဖမ်းမမိသေး)တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❖ ကျောဖုံးမှ**

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ဩဂုတ် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

သင်္ချိုင်း ဦးအောင်သောင်း

ဆရာငွေ့ အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 09 31 72096, 0950 47518

Travels & Tours
USD

CHIYODA & PUBLIC WORKS COMPANY LIMITED
Prime Hill
Business Square

မကိုက်ရ
100 Ks

# အကောက်ခွန်မဲ့ ဇိမ်ခံကားမျိုးစုံ အစီး(၂၆၀)ဖမ်းမိ

**မော်လမြိုင် ဩဂုတ် ၆**

တစ်ဖက်နိုင်ငံမှ တရားမဝင် အကောက်အခွန်မဲ့ ခိုးသွင်းလာသည့် ဇိမ်ခံကားများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ ညွှန်ကြားချက်အရ မွန်ပြည်နယ်(၁၀)မြို့နယ်ရှိ မြို့နယ်အသီးသီးတွင် အကောက်ခွန်မဲ့ ဇိမ်ခံကားများကို ဖမ်းဆီးအရေးယူလျက်ရှိသည်။**(အောက်ပုံ)**

မြို့နယ်အသီးသီးရှိ အမှတ်(၉) ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲမှူးရုံး (မော်လမြိုင်/သထုံ)ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်ဖွဲ့ဝင်များသည် တစ်ဖက်နိုင်ငံမှ နည်းမျိုးစုံဖြင့် ပြည်နယ်အတွင်းသို့ ခိုးသွင်းလာသော ဇိမ်ခံကားများကို ၂၀၁၂ ခုနှစ်အတွင်း ကားစီးရေ ၇၉ စီး၊ ၂၀၁၃ ခုနှစ်အတွင်း ကား ၁၇၀ စီးနှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ် ၃ ရက်အထိ ၂၆၀ စီးကို ဖမ်းဆီးပြီး မြို့နယ်အသီးသီးတွင် အမှုဖွင့်အရေးယူထားသည်။

မြို့နယ်အသီးသီးတွင် အရေးယူ တရားစွဲတင်ပို့ထားခဲ့သော ဇိမ်ခံကားများအနက် အစီး(၁၅၀)ခန့်ကို ဘဏ္ဍာတော်အဖြစ် မြို့နယ်တရားရုံးမှ သိမ်းဆည်းထားရှိကြောင်း သိရသည်။

ဇိမ်ခံကားများသည် မော်လမြိုင်မြို့နယ်နှင့် အခြားမြို့နယ်အတွင်း မောင်းနှင်သွားလာရာတွင် နေ့နံပါတ်တစ်မျိုး၊ ညနံပါတ်တစ်မျိုးဖြင့် မောင်းနှင်လျက်ရှိကြပြီး ယာဉ်တိုက်မှုများဖြစ်ခြင်း၊ လိုင်စင်ရှိသကဲ့သို့ မောင်းနှင်နေခြင်းများကြောင့် သက်ဆိုင်ရာက အချိန်မီ အရေးယူတားဆီးခြင်းဖြစ်သည်ဟု သိရသည်။ **(၁၀၇)**

# သထုံမြို့နယ် ကျိုက္ကော်၊ သိမ်ဆိပ်နှင့် တောင်ကြားရပ်ကွက်များတွင် မိုးများ၍ လူနေအိမ်များရေကြီးနစ်မြုပ်ကာ ကားလမ်းယာယီပိတ်

**သထုံ ဩဂုတ် ၆**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဩဂုတ် ၅ ရက်က မိုးများပြီး တောင်ကျရေများ စီးဆင်းလာသောကြောင့် ရန်ကုန်-မော်လမြိုင် ကားလမ်း ခြောက်ဖာလုံခန့်နှင့် ကျိုက္ကော်၊ သိမ်ဆိပ်နှင့် တောင်ကြားရပ်ကွက်တို့မှ လူနေအိမ်များ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သောကြောင့် ဒေသခံများ ရေဘေးဒုက္ခကြုံတွေ့နေရပြီး ခရီးသွားပြည်သူများ အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရသည်။

"နံနက် ၉ နာရီလောက်ကစပြီး ရေတက်လာတာပါ။ ၁၀ နာရီလောက်မှာ ရေက တအားများလာလို့ ကားလမ်းယာယီပိတ်ထားရတယ်၊ အနိမ့်ပိုင်းကတဲအိမ်တွေက ခေါင်မိုးလောက်ပဲပေါ်တော့တယ်၊ ကားလမ်းပေါ်မှာတင် ရေကအမြင့် ငါးပေလောက်တက်လာပြီ"ဟု ကျိုက္ကော်ရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောသည်။**(ယာပုံ)** "ကျွန်မအသက်(၆၀)လောက်ရှိပြီ၊ တစ်ခါမှ ဒီလောက်ရေကြီးတာမဖြစ်ဖူးသေးဘူး၊ နာဂစ်မုန်တိုင်းအချိန်ကတောင် ဒီလောက်ရေမကြီးခဲ့ဘူး၊ တောင်ကျရေကများပြီး အောက်မှာရှိတဲ့ ချောင်းတွေကရေမဆွဲနိုင်တော့ ခုလို ရေတဖြည်းဖြည်းများလာတာလို့ထင်ပါတယ်"ဟု ရေနစ်မြုပ်ဒဏ်ခံရသူတစ်ဦးက ဆိုသည်။ ရေနစ်မြုပ်ဒဏ်ခံနေရသူများအား သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင် ဦးဆောင်သော အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံကူညီကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်းကာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ရေဘေးသင့်အိမ်ထောင်စုများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။ "ရေတွေဝိုင်းနေတဲ့ အိမ်၊ ကျောင်းတွေမှာ ပိတ်မိနေသူတွေကို လိုက်လံရှာဖွေပြီး ကြိုးစားကယ်ဆယ်ရတာ အချို့နေရာတွေမှာ ရေစီးကသန်တော့ အရမ်းခက်ခဲပါတယ်။ ရေကဘယ်အချိန်ထိဆက်ပြီး ကြီးမလဲမသိတော့ ဒီဒုက္ခသည်တွေအတွက် ရိက္ခာ၊ အဝတ်အထည်နဲ့ ဆေးဝါး၊ နောက်ပြီး အဓိကကတော့ ရေကောင်းရေသန့်တွေရရှိဖို့ လိုအပ်ပါတယ်" ဟု ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။ အဆိုပါ ရေဘေးဒဏ်ခံနေရသူများအား ကျိုက္ကော်အထက်တန်းကျောင်းတွင် အရေးပေါ်ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သူများအား အရေးပေါ်ကျန်းမာရေး စစ်ဆေးကုသပေးပြီး သထုံမြို့နယ်အတွင်းမှ စေတနာရှင်များက အစားအစာ၊ ရေနှင့် အဝတ်အထည်များကို လိုက်လံလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ကျေးလက်နေပြည်သူများ ဆက်သွယ်ရေး အဆင်ပြေစေရန် ဆောင်ရွက်

**ဆိပ်ဖြူ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဆိပ်ဖြူ-ဆောကားလမ်းနှင့် ပုသိမ်မုံရွာကားလမ်းအနီး ဆိပ်ဖြူမြို့နှင့် ၃၃ မိုင်ခန့်အကွာ ကဇွန်းမ ကျေးရွာအုပ်စုတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျေးလက်နေပြည်သူများ ဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် GSM တာဝါတိုင်တည်ဆောက်ပြီးစီးခဲ့ပြီး စက်များတပ်ဆင်ရန်သာ လိုအပ်ပြီး GSM တာဝါတိုင်စက်ပိုင်းဆိုင်ရာ လည်ပတ်နိုင်ရေးအတွက် ဆိုလာစနစ်ဖြင့် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆိုပါ တာဝါတိုင်စက်များ တပ်ဆင်ပြီးစီးသွားပါက အနီးရှိ ကျေးရွာအုပ်စု ၁၂ အုပ်စုနေ ပြည်သူများ၊ ပုသိမ်-မုံရွာကားလမ်း ခရီးသွားများနှင့် ဆိပ်ဖြူ-ဆော-ကန့်ပက်လက်ခရီးသွားများ ဆက်သွယ်ရေး အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင် (iprd)**

# မြိတ်တက္ကသိုလ်တွင် ကျပန်းစကားပြောစွမ်းရည်ပြိုင်

**မြိတ် ဩဂုတ် ၆**

မြိတ်တက္ကသိုလ်စာပေနှင့် အနုပညာအသင်းမှ ကြီးမှူး၍ ကျောင်းသားကျောင်းသူများ၏ အကြားအမြင်ဗဟုသုတ တိုးတက်မြင့်မားမှု ဆက်စပ်တွေးခေါ်နိုင်မှု၊ ဖြတ်ထိုးဉာဏ်ရင့်သန်မှုစတဲ့ အချက်များကို အခြေခံသည့် နှုတ်ပြောစွမ်းရည် တိုးတက်စေရန်အတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ ကျပန်းစကားပြောစွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၅ ရက် မွန်းလွဲ ၁နာရီက မြိတ်တက္ကသိုလ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက အမှာစကားပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲ စတင်ကျင်းပရာ အခြေခံပညာကဏ္ဍတွင် ကျောင်းသူ ကျောင်းသူ ခုနစ်ဦးနှင့် အဆင့်မြင့်ပညာကဏ္ဍတွင် ကျောင်းသား ကျောင်းသူ ခုနစ်ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် မူးယစ်ကင်းစင် မြန်မာ့တစ်ခွင်၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက၊ လူ့ဘဝအဆင့်မြင့်တင် နည်းပညာစွမ်းအင်၊ လှသွေးစုံလင် တက္ကသိုလ်ဂုဏ်အင်ဆိုသည့် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အခြေခံပညာကဏ္ဍတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများ၊ အဆင့်မြင့်ပညာကဏ္ဍတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့်နှစ်သိမ့်ဆုရရှိသူများကို မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်ဒေါက်တာစီစီလှဘူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(ယာပုံ)** **ခိုင်ထူး(ပြန်/ဆက်)**



ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လှူလာစို့


## အများသိသာစေရန်သတိပေးကြေညာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ်(၄၅)၊ ဒုတိယ ထပ်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကိုဝင်းဖေ[၁၁/ကဖန(နိုင်)၀၃၃၂၀၇]နှင့် မမြင့်မြင့်နိုင်[၁၁/ ကဖန(နိုင်)၀၄၀၂၀၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဦးဘိုးရွှေလမ်း၊ အမှတ်(၄၁) ဟုခေါ်တွင် သည့် မြေတိုင်းရပ်ကွက်အမှတ်၊ ၃၅-စီဂျီ၊ မြေကွက်အမှတ် (၄၃၄) နှစ်(၆၀)ဂရန် ဦးရှိန်မြင့်[၁၂/ ဗဟန(နိုင်)၀၃၈၅၇၂]အမည်ပေါက် မြေအကျယ်အဝန်းပေ (၂၀×၄၀)ရှိသည့်အနက်မှ မြေအကျယ် ပေ(၁၀×၄၀)ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ် စာချုပ်ဖြင့် (၂၀၀၆)ခုနှစ်ကပင် ဝယ်ယူလက်ဝယ်ထားရှိကာ ယနေ့တိုင် စီမံခန့်ခွဲနေသော မြေ၊ အိမ် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါနှစ်(၆၀)ဂရန်မြေနှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြု ချက်မရရှိဘဲ မြေပုံမြေရာဇဝင်ကူးခြင်း၊ ဂရန်အမည်ပြောင်းခြင်းတို့ကို မပြုလုပ်ပါရန်နှင့် မလိုက်နာဘဲ ပြုလုပ်ဆောင်ရွက်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းနိုင်အောင် **(LL.B,C.B.L)**
အထက်တန်းရှေ့နေ(စဉ်-၃၀၂၈၂)
ဖုန်း-၀၉၅၁၂၅၆၀၂၊ ၀၉၇၃၀၈၈၀၈၄

## ဝန်ထမ်းအလိုရှိသည်

Maintainace ကျား (၁) ဦး

AGTI (electrical/civil) certificate ရရှိထားသူဖြစ်ရမည်။ Hotel Main-tainace အတွေ့အကြုံအနည်းဆုံး (၅) နှစ်ရှိရမည်။ Hotel ၏ ရေကူးကန်ပိုင်းကို လည်း ဆောင်ရွက်နိုင်ရမည်။ စိတ်ပါဝင်စားပါက လျှောက်လွှာနှင့်အတူ ကိုယ်ရေးအကျဉ်းများကို e-mail ဖြင့် ပေးပို့နိုင်ပါသည်။

e-mail- admin@inlefloatingresort.com/ shweinntha@ myanmar.com.mm

**Ph: 0973201474/ 01-552838**

# ဝါရင့်မင်းသားကြီးများ ဒဏ်ရာအသီးသီးရရှိခဲ့သည့် Expendables 3 ဇာတ်ကားသစ်

ဩဂုတ်လထဲတွင် ဖြန့်ချိပြသမည့် Expendables ဇာတ်လမ်းတွဲသစ် Expendables 3 တွင် အဓိက ပါဝင်သရုပ်ဆောင်ထားသူ အက်ရှင်မင်းသားကြီး စတားလုန်းက ယင်းဇာတ်ကားတွင် ဒဏ်ရာအကြီးအကျယ်ရရှိခဲ့ပါကြောင်းနှင့် အနုပညာသက်တမ်းတစ်လျှောက်တွင် ရရှိသည့်ဒဏ်ရာအတိမ်အနက်အလိုက် ဇာတ်ကားများကိုလည်း စာရင်းပြုစုထားပါကြောင်း ဝန်ခံပြောကြားခဲ့သည်။

"ရမ်ဘိုနဲ့ Expendables ဇာတ်ကားတွေမှာ များသောအားဖြင့် လည်ပင်းနောက်ဘက်နဲ့ ကျောရိုးတွေကို ထိခိုက်မိတာများပါတယ်၊ တစ်ခါတလေ အရိုးအဆစ်တွေလွဲသွားတတ်ပါတယ်၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကောင်းသွားပါလိမ့်မယ်"ဟု မင်းသားကြီးစတားလုန်းက ဆိုသည်။

Expendables 3 ဇာတ်ကားတွင် စတားလုန်းနှင့်အတူ ဝါရင့်အက်ရှင်မင်းသားကြီးများ ဖြစ်ကြသည့် မင်းသား Banderas၊ Jason Stathamနှင့် ဂျက်လီတို့ ပါဝင်ထားကြပြီး "ရိုက်ကူးရေးရဲ့ပထမရက်မှာပဲ ဒဏ်ရာရခဲ့ပါတယ်၊ ခေါင်မိုးကနေ ရဟတ်ယာဉ်ပေါ်ကို ခုန်တက်ရာမှာ ဒူးဒဏ်ရာရရှိခဲ့တာပါ၊ ဒါပေမယ့် ဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး၊ ကျွန်တော့်ကို အသက်အရမ်းကြီးနေပြီ ထင်မှာစိုးလို့ပါ"ဟု အသက် (၅၃) နှစ်အရွယ် စပိန်မင်းသား Banderas က ဆိုသည်။

Expendables 3 ဇာတ်ကားကို ဩဂုတ် ၄ ရက်တွင် လန်ဒန်၌ စတင်မိတ်ဆက်ပြသခဲ့ပြီး ဩဂုတ် ၁၅ ရက်တွင် အမေရိကန်၌ Lionsgate ရုပ်ရှင်ထုတ်လုပ်ရေးမှ စတင်ဖြန့်ချိပြသသွားမည်ဖြစ်သည်။ ထို့အပြင် စတုတ္ထမြောက် ဇာတ်ကားအတွက် ကြိုတင်ပြင်ဆင်မှုများလည်းရှိနေပြီး ယင်းဇာတ်ကားသစ်တွင် ဂျိမ်းစ်ဘွန်းမင်းသားဟောင်းကြီး Pierce Brosnan လည်း ပါဝင်သရုပ်ဆောင်ရန် အတည်ပြုထားကြောင်း သိရသည်။

# HIV ရောဂါပိုးရှိနေသူ မိခင်များအတွက် ရန်ပုံငွေထူထောင်ပေးမည့် ဗစ်တိုးရီးယားဘက်ခမ်း

ကမ္ဘာကျော် ဖက်ရှင်ဒီဇိုင်နာနှင့် ပေါ့ပ်ကြယ်ပွင့်ဟောင်းတစ်ဦးဖြစ်သူ ဗစ်တိုးရီးယားဘက်ခမ်းက ညနေပိုင်းပွဲတက်ဝတ်စုံများအပါအဝင် အဝတ်အထည်ပေါင်းများစွာကို လေလံတင်ရောင်းချကာ ရရှိလာသည့်အကျိုးအမြတ်များအား တောင်အာဖရိကရှိ HIV ရောဂါပိုးရှိနေသူ မိခင်များအတွက် ရန်ပုံငွေထူထောင်ရန်နှင့် ယင်းရောဂါနှင့်ပတ်သက်သည့် အသိပညာများပေးဝေရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ဆိုသည်။

အဆိုပါလေလံတင်ရောင်းချမည့် အဝတ်အစားများတွင် ဗစ်တိုးရီးယား၏ ဒီဇိုင်နာတစ်ဦးအနေဖြင့်လည်းကောင်း၊ Spice Girls ပေါ့ပ်အဖွဲ့၏ အဖွဲ့ခေါင်းဆောင်တစ်ဦးအနေဖြင့်လည်းကောင်း ဖက်ရှင်ရှိုးပွဲများ၊ ပါတီများတွင် ဝတ်ဆင်ခဲ့သည့် အထင်ကရပွဲတက်ဝတ်စုံများ၊ ဦးထုပ်၊ ဖိနပ်၊ အိတ်၊ လက်ဝတ်ရတနာများနှင့် အခမ်းအနားဝတ်စုံများလည်း ပါဝင်ကြောင်း သိရသည်။

ယင်းလေလံပွဲမှ ရရှိငွေများဖြင့် တောင်အာဖရိက၊ ဆွစ်ဇာလန်နှင့် ကင်ညာနိုင်ငံအပါအဝင် နိုင်ငံပေါင်းကိုးနိုင်ငံတွင် မိခင်မှ ကလေးသို့ HIV ရောဂါပိုးမကူးစက်နိုင်ရန် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

UNAIDS ၏ စစ်တမ်းများအရ ၂၀၁၃ ခုနှစ်တွင် တောင်အာဖရိကရှိ Sub-Saharan ဒေသ၌ HIV ရောဂါပိုး ရှိနေသူ ၂၄ ဒသမ ၇ သန်းအနက် အမျိုးသမီးများမှာ ၅၈ ရာခိုင်နှုန်းရှိပြီး ၈၅ ရာခိုင်နှုန်းမှာ HIV ရောဂါပိုး ရှိနေသည့် ကိုယ်ဝန်ဆောင်မိခင်များ ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် – စုစည်းသည်

# ကိုးထပ်ကြီးဘုရား၌ ပဌာန်းအောင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗားကရာ ဘုန်းတော်ကြီးများကျောင်းတိုက်ဝင်းအတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား သက်တမ်းတော် (၁၀၉)နှစ်ပြည့်၍ (၁၁၀)နှစ်သို့ ရောက်ရှိတော်မူခြင်း မွေးနေ့တော်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁ ရက် ည ၇ နာရီက ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ကျင်းပခဲ့သည်။

ဘုရားကြီးအား နာရီပေါင်း ၁၁၀ မဟာပဌာန်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# အာဆီယံနေ့အထိမ်းအမှတ် တစ်စီစာကုံးပြိုင်

**တပ်ကုန်း ဩဂုတ် ၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂ ရက် နံနက်ပိုင်းက အာဆီယံနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသား ကျောင်းသူ ၄၀ ဖြေဆိုကြသည်။ ထုပ်ဆီးတိုးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အသင်း(၅)သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး အနော်ရထာအသင်းနှင့် ဘုရင့်နောင်အသင်းတို့ ယှဉ်ပြိုင်ကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုယုသိန်းနှင့် ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(ဝ၉၂)**

# ကျိုက်ထိုမြို့နယ်၌ မိုးသည်းထန်၍ ရေကြီး၊ မြေပြိုမှုများ ဖြစ်ပွား ယာဉ်တိမ်းမှောက်၍ လူနှစ်ဦး ရေစီးနှင့် မျောပါပျောက်ဆုံး

**ကျိုက်ထို ဩဂုတ် ၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်နှင့် ဝန်းကျင်ကျေးရွာများ၌ ခြောက်ရက်ဆက်တိုက် အဆက်မပြတ်မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ရာ ဩဂုတ် ၅ ရက်တွင် ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားခဲ့ပြီး ခရီးသည်တင်ယာဉ်တစ်စီး ရေစီးကြောင့် တိမ်းမှောက်ကာ လူနှစ်ဦး မျောပါပျောက်ဆုံးကြောင်း သိရသည်။

နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သိမ်ဇရပ် စံပြကျေးရွာ စစ်တောင်းတံတား အရှေ့ဘက် ကမ်းထိပ်မှ ကိုက် ၃၀၀ ခန့်အတွင်း ရထားသံလမ်းအထက် ရေကျော်မှုမှာ အနက်ဆုံးနေရာတွင် နှစ်ပေကျော်ခန့်ရှိသဖြင့် နေပြည်တော်-မော်လမြိုင်နှင့် ရန်ကုန်-မော်လမြိုင် လူစီးအမြန်ရထားများ၊ မော်လမြိုင်-ပဲခူး လော်ကယ်ရထားများသည် ရောက်ရှိသည့် ဘူတာရုံများ၌ ရပ်နားခဲ့ရပြီး အောင်မင်္ဂလာရပ်ကွက်တွင် တောင်ကျရေကြောင့် ရေအမြင့် သုံးပေ၊ လေးပေခန့်မြင့်တက်ပြီး နေအိမ်များ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

အလားတူ တောင်ကျရေများ အဆက်မပြတ် ကျဆင်းမှုများကြောင့် မရမ်းချောင်းကျေးရွာ အကျဉ်းဦးစီးဌာနအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၉၆/၃) နှင့် (၉၆/၅)တို့အကြား အမြင့်လေးပေခန့်အထိ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ နှစ်ဖက်ယာဉ် အသွားအလာများ နံနက် ၉ နာရီခွဲခန့်မှစ၍ ရပ်နားစောင့်ဆိုင်းခဲ့ရသည်။ ခဝဲချောင်းကျေးရွာတွင်လည်း တောင်ကျရေကြောင့် ချောင်းရေလျှံတက်ကာ ရွာအတွင်း ရေကြီးမှုဖြစ်ပွားခဲ့ပြီး ရေဆက်လက်မြင့်တက်လာမှုကြောင့် အိမ်ထောင်စုများ ချောင်းတစ်ဖက်ကမ်းရှိ စစ်တောင်းကျေးရွာသို့ အရေးပေါ် ရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည်။ ယင်းနေ့ ညနေပိုင်းမှ စတင်ကာ တောင်ကျရေများ ကျဆင်းမှုကြောင့် ကမ်းနီကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၉၁/၀) နှင့် (၉၁/၁) တို့အကြား လမ်းအထက်လေးပေခန့် ရေများစီးဆင်းနေစဉ် ည ၇ နာရီခန့်က မုပ္ပလင်ကျေးရွာဘက်မှ ယာဉ်မောင်းကျော်နိုင် မောင်းနှင်၍ ခရီးသည်များလိုက်ပါလာသော ဟိုင်းလတ်အမျိုးအစား ယာဉ်အမှတ် ၇က/.... ရွှေဒေါန မြဝတီ-သိမ်ဇရပ်ယာဉ်သည် ရေကျချိန်ကို မစောင့်ဆိုင်းဘဲ ဖြတ်သန်းမောင်းနှင်ရာ ယာဉ်မှာ ရေစီးနှင့် မျောပါတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသည် ကိုးဦး ရေထဲမျောပါရာ အနီးရှိလူများက ဝိုင်းဝန်းဆယ်ယူသဖြင့် ခုနစ်ဦးကို ကယ်ဆယ်နိုင်ပြီး ယာဉ်မောင်းကျော်နိုင်နှင့် ခရီးသည်တစ်ဦး(စိစစ်ဆဲ) ရေစီးနှင့် မျောပါပျောက်ဆုံးခဲ့သည်။

သိမ်ဇရပ်ကျေးရွာရှိ ရွာမရပ်ကွက်နှင့် ဆိပ်ကမ်းသာရပ်ကွက်တို့တွင် တစ်နေ့တည်း မြေပြိုမှုသုံးကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်တစ်လုံး မြေစိုင်ခဲကြီးပိမိပျက်စီးခဲ့သော်လည်း လူများတစ်စုံတစ်ရာ ထိခိုက်မှုမရှိခဲ့ပေ။ မြေစိုင်ခဲများ ဆက်လက်ပြိုကျနိုင်သည့် အခြေအနေရှိသဖြင့် တောင်ခြေရှိ နေအိမ်များအား ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်ကြရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်ဇော်နှင့် တာဝန်ရှိသူများက စီစဉ်ပေးခဲ့ကြသည်။

ရွှေဒေါနယာဉ်တိမ်းမှောက်ရာတွင် ရေစီးနှင့် မျောပါသူ ခရီးသည်တစ်ဦး၏ အလောင်းအား ရှာဖွေရာ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် အခင်းဖြစ်နေရာနှင့် ကိုက် ၃၀၀ ခန့်အကွာ ရေအနက်သုံးပေခန့်ရှိ လယ်ကွက်ထဲတွင် ပြန်လည်တွေ့ရှိသဖြင့် သိမ်ဇရပ်နယ်မြေရဲတပ်ဖွဲ့စခန်းက ယာဉ်မောင်းကျော်နိုင်အား ယာဉ်(ပ)၂၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲခေါင်ဦး)**


## သွေးသည်အသက်

### မြန်မာ့စီးပွားရေးဘဏ်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာ့စီးပွားရေးဘဏ်တွင် သုံးစွဲမရတော့သည့် စက်ပစ္စည်းများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ရာ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများ ၇-၈-၂၀၁၄ ရက်မှစ၍ တင်ဒါပုံစံများ ဝယ်ယူနိုင်ပြီး ၁၅-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသဖြင့် တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)
စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၂၁၀၃၀၊ ၀၆၇-၄၂၁၀၃၁

### နေပြည်တော်ကောင်စီနယ်မြေ
### နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာရုံး
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန် - ၆-၈-၂၀၁၄ ရက် ၁၀း၀၀နာရီ
၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် - ၄-၉-၂၀၁၄ ရက် ၁၄း၀၀နာရီ
၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ဖော်ပြပါဌာနတွင် ၆-၈-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာရုံး
တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၆၇-၄၂၀၆၆၆

အပူအပုပ်များပြီး ခေါင်းကိုက် ဇက်ကြောထိုး ညောင်းညာ မအီမသာ ခံစားနေရသူများအတွက် ဗိုက်မရစ် ဗိုက်မနာ ဝမ်းသွားအားရစေတဲ့ စုစုအေးအောင် ဝမ်းမှန်အကြောပြေဆေး။

ဥတုရာသီ
တောက်ပို့မို၏




# အာဆင်နယ်နှင့် မန်စီးတီးတို့ အပြိုင်လုမည့် ကွန်မြူနတီဒိုင်း

၂၀၁၄ ကွန်မြူနတီဒိုင်းပြိုင်ပွဲကို အင်္ဂလန်၏ ဝင်ဘလေကွင်းကြီး၌ ဩဂုတ် ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားတော့မည်ဖြစ်ရာ အဆိုပါကွန်မြူနတီဒိုင်းသည် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက ပရီမီယာလိဂ်ဖလားချန်ပီယံဖြစ်ခဲ့သည့် မန်စီးတီးအသင်းနှင့် အက်ဖ်အေဖလား ချန်ပီယံဖြစ်ခဲ့သည့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပရိသတ် ၉၀၀၀၀ ဝင်ဆံ့သည့် အင်္ဂလန်၏ ဝင်ဘလေကွင်းကြီးထဲတွင် ယခုနှစ် ကွန်မြူနတီဒိုင်းလုမည့် အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့အတွက် ပေါင် ၂၀ မှ ၄၅ ပေါင်အထိ တန်ဖိုးရှိသော ဘောလုံးပွဲကြည့်ရှုခွင့်လက်မှတ် တစ်သင်းလျှင် ၂၆၀၀၀ ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကို အမှတ်ဖြတ်ကာ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ယင်းပရီမီယာလိဂ်ဖလားသည် မန်စီးတီးအသင်းအတွက် အခက်အခဲဆုံးရှိခဲ့သည့် ပရီမီယာလိဂ်ဖလားဟုလည်း ဆိုရမည်ဖြစ်သည်။ ထို့အတူ အာဆင်နယ်အသင်းသည်လည်း ပြီးခဲ့သည့်ရာသီက အက်ဖ်အေဖလား ရရှိခဲ့ခြင်းမှာ ကိုးနှစ်ကြာ ဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်ခဲ့ခြင်းဖြစ်ကာ အာဆင်နယ်အသင်းအတွက် ရောင်ခြည်တောက်ပလာသည်ဟု ဆိုနိုင်ပြီး အာဆင်နယ်အသင်းအနေဖြင့် ၁၉၃၄ တွေ့ဆုံမှုကဲ့သို့ စွမ်းဆောင်နိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။

အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းကွန်မြူနတီဒိုင်းလုပွဲဆုံတွေ့မှုကို ပြန်ကြည့်မည်ဆိုပါက ၁၉၃၄ ခုနှစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ကွန်မြူနတီဒိုင်းလုပွဲတွင် အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရလဒ်ဆောင်ကြဉ်းကာ အာဆင်နယ်အသင်း ကွန်မြူနတီဒိုင်းကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့သည်။

ကွန်မြူနတီဒိုင်းသမိုင်းကို ပြန်လှန်ကြည့်မည်ဆိုလျှင် ကွန်မြူနတီဒိုင်းရရှိမှုတွင် မန်ယူအသင်းက အကြိမ်(၂၀)ဖြင့် ထိပ်ဆုံးမှရပ်တည်လျက်ရှိပြီး ၎င်းနောက်တွင် လီဗာပူးအသင်းက (၁၅)ကြိမ်နှင့် ကွန်မြူနတီဒိုင်းဒုတိယအများဆုံး ဆွတ်ခူးထားနိုင်ခဲ့သည်။

ထို့အတူ အက်ဖ်အေဖလားဆွတ်ခူးကာ ကွန်မြူနတီဒိုင်းပိုင်ဆိုင်ခွင့်တစ်ရပ် ရရှိဖွယ်ရှိနေသည့် အာဆင်နယ်အသင်းသည်လည်း ကွန်မြူနတီဒိုင်းလုပွဲကို (၁၉) ကြိမ်အထိ တက်လှမ်းနိုင်ခဲ့ရာ (၁၂)ကြိမ် ဒိုင်းဆုကြီးကို ဆွတ်ခူးနိုင်ခဲ့သည့်အသင်းဖြစ်သည်။ လက်ရှိတွင် အာဆင်နယ်အသင်းသည် အသင်း၏လိုအပ်ချက်ရှိသည့်နေရာများကို ဖြည့်ဆည်းသည့်အနေဖြင့် ဘာစီလိုနာအသင်းမှ အလက်ဇစ်ဆန်းချက်နှင့် နယူးကာဆယ်အသင်းမှ ညာနောက်ခံကစားသမား ဒီဘူချီတို့ကို ခေါ်ယူထားခဲ့ရာ အင်အားတောင့်တင်းလျက်ရှိပြီး အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးအနေဖြင့် အာဆင်နယ်အသင်းအတွက် (၁၃)ကြိမ်မြောက် ကွန်မြူနတီဒိုင်းကို ရယူနိုင်မည်လား ဆိုတာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

မန်စီးတီးအသင်းသည်လည်း အာဆင်နယ်အသင်းမှ ညာနောက်ခံကစားသမား ဆက်ဂ်နာ၊ ပေါ်တိုအသင်းမှ ကွင်းလယ်ကစားသမား ဖာနန်ဒိုနှင့် မာလာဂါအသင်းမှ ကာဘယ်လီရိုတို့ကို ခေါ်ယူအားဖြည့်ကာ အသင်းကို အပြောင်းအလဲလုပ်ထားခြင်းကြောင့် ပြီးခဲ့သည့်နှစ်က အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့၏ အသင်းလိုက် စွမ်းဆောင်ရည်မည်မျှရှိသည်ဆိုသော်ငြားလည်း ယခု ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ၎င်းတို့၏ စွမ်းဆောင်ရည်ကို အဆုံးအဖြတ်ပေးနိုင်မည့် ပြိုင်ပွဲတစ်ပွဲအဖြစ် ယခု ကွန်မြူနတီဒိုင်းလုပွဲက အဆုံးအဖြတ်ဟု ဆိုရမည့် အနေအထားတွင် ရှိနေသည်။

**၂၀၁၂ ခုနှစ် ကွန်မြူနတီဒိုင်းလုပွဲတွင် ချယ်လ်ဆီးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွန်မြူနတီဒိုင်းနှင့်အတူ မန်စီးတီးအသင်း အောင်ပွဲခံစဉ်။**

မန်စီးတီးအသင်းသည် ကွန်မြူနတီဒိုင်းကို လေးကြိမ်အထိ ဆွတ်ခူးထားသည့်အသင်းဖြစ်ပြီး ယခု ကွန်မြူနတီဒိုင်းပြိုင်ပွဲတွင် အာဆင်နယ်အသင်းကို ကျော်ဖြတ်နိုင်ခဲ့ပါက ၎င်းတို့အသင်းအတွက် ငါးကြိမ်မြောက် ဆွတ်ခူးနိုင်သည့် ကွန်မြူနတီဒိုင်းလည်း ဖြစ်လာမည်ဖြစ်သည်။ အာဆင်နယ်နှင့် မန်စီးတီးတို့ ဩဂုတ် ၁၀ ရက်တွင် ယှဉ်ပြိုင်မည့် ကွန်မြူနတီဒိုင်းလုပွဲမှသည် မည်သည့်အသင်း ကွန်မြူနတီဒိုင်းဆုကြီးကို ကိုင်မြှောက်အောင်ပွဲခံနိုင်မည်လဲဆိုတာ စောင့်ကြည့်ရတော့မည်ဖြစ်သည်။ **(နိုင်လင်းကြည်)**

# ကမ္ဘာ့လူငယ်ဝူရှူးချန်ပီယံရှစ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စတင်ကျင်းပမည့် ကမ္ဘာ့လူငယ်ဝူရှူးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲအတွက် မြန်မာဝူရှူးအားကစားအဖွဲ့မှာ ယခုနှစ် ဩဂုတ်လဆန်းပိုင်းမှစတင်ကာ ပြင်ဆင်လေ့ကျင့်လျက်ရှိသည်။ လက်ရှိအချိန်တွင် လူငယ်မျိုးဆက်သစ် ဝူရှူးအားကစားသမားများကိုသာ အဓိကထားလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။ မြန်မာဝူရှူးအားကစားအဖွဲ့သည် ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်မှစတင်ကာ ကမ္ဘာ့လူငယ်ဝူရှူးချန်ပီယံရှစ်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုအနည်းငယ် ရရှိခဲ့သည်။ သို့သော် ယခုအချိန်တွင် မြန်မာဝူရှူးအားကစားအဖွဲ့မှာ တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် အင်ချွန်းအားကစားပွဲတော်အတွက် ပြင်ဆင်နေပြီး အောင်မြင်မှုများရရှိရန် ရည်မှန်းထားကြောင်း သိရသည်။ ထို့ပြင် မြန်မာလူငယ်ဝူရှူးအားကစားအဖွဲ့များမှာ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများကို နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး အောင်မြင်မှုအတန်အသင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။ လာမည့်လအနည်းငယ်တွင် ကျင်းပမည့် ကမ္ဘာ့စူပါစီးရီး ပိုက်ကျော်ခြင်းပြိုင်ပွဲကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။ **(ရဲစွမ်း)**

# ကွင်းလယ်ကစားသမား ဒီခီယာအား ရောင်းချရန် ရီးယဲလ်စီစဉ်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ၎င်းတို့၏ အဓိက ကစားသမားတစ်ဦးဖြစ်သည့် ဂျာမန်ကွင်းလယ်လူ ဒီခီယာအား လာမည့်နွေရာသီကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန် နီးစပ်နေသောကြောင့် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ ဈေးကွက်မပိတ်သိမ်းမီအချိန်အတွင်း ရောင်းချသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ဒီခီယာ အား ဥရောပထိပ်သီးကလပ်များ ဖြစ်ကြသည့် အာဆင်နယ်နှင့် ဘိုင်ယန်မြူးနစ်တို့က စိတ်ဝင်စားနေပြီး အာဆင်နယ်အသင်း၏ တာဝန်ရှိသူများမှာ ပြီးခဲ့သည့်ရက်ပိုင်းက ၎င်း၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးလျက်ရှိကြောင်း သတင်းများ ပေါ်ထွက်လာခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းမှာ ဒီခီယာအားလက်လွှတ်ရန် ဆန္ဒမရှိသော်လည်း ၎င်းမှာ ရီးယဲလ်နှင့် စာချုပ်သက်တမ်းတိုးရန် ဆန္ဒမရှိသလို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုရန် နီးစပ်နေသည့် အနေအထားကြောင့် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း မဖြစ်မနေ ရောင်းထုတ်သွားဖွယ် ရှိကြောင်း စပိန်သတင်းစာ Marca က ဖော်ပြခဲ့သည်။ ထို့ကြောင့် ၎င်းအားခေါ်ယူရန် အင်္ဂလန်ကလပ် အာဆင်နယ်အသင်းက ထိပ်ဆုံးမှရေပန်းစားနေသော်လည်း ဒီခီယာ၏ မြင့်မားသောလစာငွေဖြစ်သည့် တစ်ပတ်လုပ်ခ ပေါင် ၁၅၀၀၀၀ ကို ပေးချေရန် ဆန္ဒမရှိသည့်အတွက် အပြောင်းအရွှေ့မှာ ကြန့်ကြာနေဆဲဖြစ်ကြောင်း သိရသည်။ **(စွမ်းထက်အောင်)**

## ဝန်ထမ်းအလိုရှိသည်

**Sales Executive** ကျား/မ (၁) ဦး

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ဆက်ဆံရေးနှင့် စကားပြောဆိုပြေပြစ်ချောမွေ့ရမည်။ English စာ 4 skills (intermediate) Level ရှိရမည်။ Travel & Tours experience ရှိရမည်။ Computer/ Internet-E.mail ကောင်းမွန်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။ Tourism, Hotel Front office လုပ်ငန်းအတွေ့အကြုံ (၃)နှစ်မှ (၅)နှစ်အတွင်း ရှိရမည်။ ညှိနှိုင်းလစာ၊ စိတ်ပါဝင်စားပါက လျှောက်လွှာနှင့်အတူ ကိုယ်ရေးအကျဉ်းများကို e-mail ဖြင့် ပေးပို့နိုင်ပါသည်။

**E-mail: admin@inlefloatingresort.com/**
**shweinntha@myanmar.com.mm**
**Ph: 0973201474/ 01-552838**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ညောင်ပင်ရပ်တွင် ဗန်းမော်ခရိုင်လူမှုဝန်ထမ်းရုံးအဆောက်အအုံဆောက်လုပ်ခြင်း (၆၀'×၄၀'×၁၁') (၁) ထပ် RC (ရေ၊ မီး၊ မိလ္လာအပါအဝင်) အတွက် ဆောက်ရွက်လိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား ကချင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ သီတာရပ်ကွက်၊ ဆုတောင်းပြည့်ဘုရားအနီး၊ မြစ်ကြီးနားမြို့တွင် ၄-၈-၂၀၁၄ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၃-၉-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ဝန်ကြီးရုံး၊ လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ ဖုန်း-၀၇၄-၂၉၅၂၀

(ခ) ကချင်ပြည်နယ် လူမှုဝန်ထမ်းရုံး ဖုန်း-၀၇၄-၂၂၃၇၃

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

စာအုပ်စာပေလှူမိတ်ဆွေ

# မိုဘိုင်းဖုန်းသုံးစွဲသူများအတွက်

## Friends and Family Service ဝန်ဆောင်မှု Promotion အစီအစဉ်

သူငယ်ချင်း/မိတ်ဆွေ/မိသားစုဝင်တို့၏ မိုဘိုင်းဖုန်းများသို့ တစ်မိနစ်လျှင် ၂၅ ကျပ် ဖြင့် ခေါ်ဆိုလိုက်ပါ

# သက်တမ်းလွန် ဆေး၊ စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်းနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီး

**မန္တလေး၊ ဩဂုတ် ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးတိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍သက်တမ်းလွန်ဆေးဝါး၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း၊ ဓာတုပစ္စည်းများမီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် အေးရိပ်ငြိမ်သုသာန်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများအား တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်းက သက်တမ်းလွန်ဆေးဝါးပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများ၊ မြေမြှုပ်ဖျက်ဆီးမည့် ဓာတုပစ္စည်းများအား လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ရှိ ဆေးကုမ္ပဏီ၊ စားသောက်ကုန်၊ လူသုံးကုန်ဖြန့်ဖြူးရေးလုပ်ငန်းများဖြစ်သည့် AA Medical Product မှ လာရောက်အပ်နှံသော ကျပ်ငွေတန်ဖိုး ၂၁၉၀၀၃၂၅ ရှိ ဆေးမျိုးစုံ၊ Mega Life SC Ltd မှ စားသောက်ကုန်မျိုးစုံ ကျပ်ငွေ ၃၆၉၅၆၄၁၉ ဖိုး၊ လူသုံးကုန်ပစ္စည်းကျပ် ၅၄၂၇၀၄၅ ဖိုး၊ GSC မှ စားသောက်ကုန်မျိုးစုံကျပ် ၃၅၇၈၉၈၂၀ ဖိုးအပါအဝင်စုစုပေါင်း ငွေကျပ် ၈၆၄၀၁၀၈၀ ဖိုးကို မီးရှို့ဖျက်ဆီးခဲ့သည်။

ယင်းနောက် ခုတင် ၃၀၀ ဆေးရုံမှ ပေးပို့လာသော သက်တမ်းလွန်သုံးမရဆေးရုံသုံး ဓာတုဆေးဝါးများပါဝင်ပြီး အခြားဆေးဝါးတွဲဖက်ထားပါက အာနိသင်ပြောင်းလဲခြင်း၊ ဓာတုအဆိပ်ဖြစ်စေနိုင်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်စေနိုင်သဖြင့် နိုင်ငံတကာစွန့်ပစ်နည်းလမ်းများအတိုင်း မြေကျင်းတွင်ကွန်ကရစ်ပိုက်ခွေဖြင့် စနစ်တကျမြှုပ်နှံဆောင်ရွက်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၊ အစားအသောက်ဆေးဝါးကွပ်ကဲရေးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်းကာ စားသုံးရန်မသင့်သော အစားအသောက်၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်းများအား စစ်ဆေးခြင်း အသိပညာပေးခြင်း၊ သိမ်းဆည်းခြင်းတို့ကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများအား ညှိနှိုင်းဆွေးနွေး

**ချောက်၊ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီက ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

မကွေးခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်မည့်လမ်းလုပ်ငန်းအခြေအနေများကို ကွင်းဆင်းကြည့်ရှုနေစဉ်။

မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ချောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀၊ ပ-ဆ-င စိတ်ဝင်စားကြေး ကျပ်သိန်း ၂၀၊ ထွေ/အုပ်ကျေးလက်ဒေသဖွံ့ဖြိုးရေးငွေကျပ်သိန်း ၃၀ တို့ဖြင့် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာ ဦးဇော်မိုးလွင်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ချောက်မြို့နယ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအခြေအနေအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ချောက်မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိ ဦးခင်မောင်ကျော်က ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သည့် လုပ်ငန်းအခြေအနေများကိုရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးသန်းဌေးတို့က လုပ်ငန်းဆောင်ရွက်မှုအတွက် ရရှိမည့်အကျိုးများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်မည့် လမ်းလုပ်ငန်းအခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝင်းဌေး(ပြန်/ဆက်)**

# စဥ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ အခြေခံပညာ ကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်

**စဥ့်ကိုင်၊ ဩဂုတ် ၆**

စဥ့်ကိုင်မြို့နယ်၊ မီးသွေးဘုတ်ကျေးရွာအုပ်စု၊ အုတ်ဖိုပြင်ကျေးရွာ၊ ကန်တွင်းကျေးရွာ၊ မီးသွေးဘုတ်ကျေးရွာများရှိ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဩဂုတ် ၁ ရက်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဒေါက်တာဝင်းလှိုင် တက်ရောက်အားပေးဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုပြင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအား ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မူလတန်းကျောင်းအဖြစ်ဖွင့်လှစ်ပြီး ရွှေလုံဗိုလ်(ကန်တွင်း)ကျေးရွာ မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်းခွဲအဖြစ်လည်းကောင်း၊ မီးသွေးဘုတ်ကျေးရွာ မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၊ မြို့နယ်ပညာရေးမှူး ဦးညွန့်ဝေ၊ ကျောင်းအကျိုးတော်ဆောင်များက ဖွင့်လှစ်ပေးကြသည်။

အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ခြင်းအောင်ပွဲအဖြစ် မီးသွေးဘုတ်ကျေးရွာ အလယ်တန်းကျောင်းခွဲတွင်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိန်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းသို့ပြောကြားရာတွင် မီးသွေးဘုတ်အုပ်စုရှိ ကျေးရွာများသည် တစ်ရွာနှင့်တစ်ရွာ ဝေးကွာသည့်အတွက် အုပ်စုအတွင်းရှိ ကျေးရွာများမှ ကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည့်အတွက် အတိုင်းမသိဝမ်းသာမိကြောင်း၊ ယခင်က ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့ရပ်ရွာရှိ ကျောင်းများမှ အတန်းပြီးဆုံးပါက ဝေးကွာလှသည့်ကျောင်းများသို့ သွားရောက်ရာတွင် ငယ်ရွယ်လှသဖြင့် အခက်အခဲများရှိကြောင်း ယခုကဲ့သို့ မိမိတို့ကျေးရွာတွင် အတန်းပညာကို ဆက်လက်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါသော နိုင်ငံတော်အစိုးရအဖွဲ့ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြော

**ရေစကြို၊ ဩဂုတ် ၆**

ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေစကြိုမြို့နယ် ရွာသစ်ကျေးရွာ ဘုရားကြီးကျောင်းတိုက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ အသိပညာပေးဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်စန်းယုမော်က စာဖတ်ခြင်းအကျိုးကျေးဇူးနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်၍လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်စိုးက အိမ်မွေးတိရစ္ဆာန်များ မွေးမြူကုသကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ စာရေးဆရာဆွေလှိုင်ဦး (ရေစကြို)က အနာဂတ်၏သားကောင်းများအား စာပေအသိဖြင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးခေါင်းစဉ်ဖြင့် အသီးသီးပညာပေးဟောပြောခဲ့ကြပြီး၊ ဗလငါးတန်စာကြည့်အသင်းမှ ဂျာနယ်၊စာစောင်များကို လေ့လာဖတ်ရှုနိုင်ရန် တက်ရောက်လာသူများအား အခမဲ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**


**Pleasant Times Travels & Tours**

Local Guide

Reservation

Office Staff

**လျှောက်လွှာခေါ်ယူခြင်း**

**အသိပေးကြေညာချက်**

M.V OCEAN BLUE V.300

ORIGINAL BILL OF LADING

**အသိပေးကြေညာချက်**

M.V SPRING WIND V.24

ORIGINAL BILL OF LADING

**Myanmar THAMES International**

Marketing Management

2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740, 0973147379

ကျန်းမာရေးဆောင်းပါး

# မြွေအန္တရာယ် သတိဖြင့်ကာကွယ်

**à wifkufkufZmf**

> ကိုက်လိုက်တဲ့မြွေရဲ့ အစွယ်အနက်၊ သူထုတ်လိုက်တဲ့ အဆိပ်ပမာဏနဲ့ အကိုက်ခံရတဲ့နေရာပေါ် မူတည်ပြီး အဆိပ်ပျံ့တာ အနှေးအမြန် ကွာခြားပါတယ်. . .

ယခုလို မိုးရာသီရောက်တဲ့အခါ မြွေအန္တရာယ်ကို သတိပြုသင့်ပါတယ်။ မြို့လယ်ခေါင်တိုက်ခန်းတွေမှာ မြွေသတ္တဝါကိုမြင်တွေ့ ရခဲသော်လည်း သစ်ပင် လယ်မြေ မြက်ချုံပေါများကာ ရေစပ်စပ်ရှိတဲ့ ဧပမာရန်ကုန်တိုင်းဒေသကြီး အတွင်းက တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သာကေတနှင့် ဒဂုံမြို့သစ် စတဲ့မြို့နယ်တွေမှာတော့ မြွေကိုတွေ့ရတတ်ပါတယ်။

မြန်မာပြည်ရှိ အဆိပ်ပြင်းတဲ့မြွေနှစ်မျိုးမှာ မြွေပွေးနှင့် မြွေဟောက်တို့ဖြစ်ကြပြီး၊ မြွေပွေးအဆိပ်က လူ့ခန္ဓာကိုယ်သွေးခဲတဲ့စနစ်ကို ထိခိုက်ပျက်စီးစေတာကြောင့် မြွေပွေးကိုက်ခံရပါက သွေးမတိတ်ဘဲ ဦးနှောက်၊ အစာလမ်းကြောင်းတွေမှာ သွေးယိုစိမ့်ခြင်းအပြင်၊ ဆီးထဲမှာသွေးပါပြီး ကျောက်ကပ်ပျက်စီးတတ်ပါတယ်။ မြွေဟောက်အဆိပ်ကတော့ အာရုံကြောစနစ်ကို ထိခိုက်တာကြောင့် လူနာကမှိန်းလာပြီး အာရုံခံစားမှုမရှိတော့ဘဲ ထုံကျင်လာကာ နောက်ဆုံးမှာ အာရုံကြောတွေပျက်စီးပြီး ကြွက်သားလှုပ်ရှားမှုအားပျော့ အသက်ရှူခြင်းနှင့် အဆုပ်ကို ထိခိုက်လာပါတယ်။

အမှန်တကယ်တော့ မြွေတွေက လူမြင်တိုင်း လိုက်ကိုက်တတ်ကြတာမဟုတ်ပါဘူး။ မလွဲမရှောင်သာတဲ့ အချိန်ကြမှသာ သူ့ကိုတစ်စုံတစ်ခုက အန္တရာယ်ပြုမယ်လို့ထင်တဲ့အခါမှာ သူ့ကိုယ်သူကာကွယ်သည့်အနေဖြင့် လူကိုကိုက်ခြင်းသာဖြစ်ပါတယ်။ မြွေအဆိပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကိုက်ခံရတဲ့ နေရာမှာ နာကျင်မှုဖြစ်စေပါတယ်။ မြွေအစွယ်ကြောင့် ဒဏ်ရာအပေါက်မှ သွေးထွက်တတ်ပြီး တစ်ခါတလေ အဆင်မသင့်ရင် ထိုဒဏ်ရာပေါက်မှတစ်ဆင့် မေးခိုင်ပိုးဝင်နိုင်ပါတယ်။

အကယ်၍ အဆိပ်ပြင်းတဲ့မြွေ အကိုက်ခံရပါက ဒဏ်ရာပတ်ဝန်းကျင်မှာ ငါးမိနစ်အတွင်း ပြင်းထန်စွာ ရောင်ရမ်းနာကျင်မှုဖြစ်ကာ မီးလောင်ဒဏ်ရာကဲ့သို့ အရည်ကြည်ဖုများ ပေါ်ထွက်လာပါတယ်။ ဒါ့အပြင် ကိုက်ခံရတဲ့နေရာတစ်ဝိုက် ကြွက်သားနဲ့ အရေပြားတွေ ပျက်စီးပြီး နောက်ဆုံးမှာ ပုပ်သွားတဲ့အထိ ဆိုးဝါးနိုင်တယ်။ ကိုက်လိုက်တဲ့ မြွေရဲ့အစွယ်အနက်၊ သူထုတ်လိုက်တဲ့ အဆိပ်ပမာဏနဲ့ အကိုက်ခံရတဲ့နေရာပေါ် မူတည်ပြီး အဆိပ်ပြန့်တာ အနှေးအမြန် ကွာခြားပါတယ်။ ဥပမာ-ဦးခေါင်းပိုင်း၊ မျက်နှာ၊ လည်ပင်းတို့ကို အကိုက်ခံရပါက နှလုံးသွေးပြန်ကြောနှင့် နီးစပ်တာကြောင့် အဆိပ်ပျံ့တာလည်း ပိုမြန်ဆန်ပါတယ်။

(၁) monovalent နှင့် polyvalent ဟူ၍ မြွေဆိပ်ဖြေဆေး နှစ်မျိုးရှိပါတယ်။ monovalent က သတ်မှတ်ထားတဲ့ မြွေအမျိုးအစားတစ်မျိုးတည်းအတွက်သာ သုံးနိုင်ပြီး၊ polyvalent ကတော့ မြွေအမျိုးအစားတစ်မျိုးမကတဲ့ အဆိပ်များကို ပြေပျောက်စေပါတယ်။ ဒါကြောင့် သုံးရမည့် မြွေဆိပ်ဖြေဆေးဟာလည်း မတူကြတာမို့ မြွေကိုက်ခံရရင် (ဖြစ်နိုင်ပါက) ကိုက်တဲ့မြွေကိုပါ တစ်ပါတည်း ဆေးရုံယူသွားပြဖို့ လိုအပ်ပါတယ်။ မြွေကလည်း ကိုက်ပြီးတာနဲ့ အပြေးမြန်တာကြောင့် မိမိအကိုက်ခံရတဲ့မြွေ၏ အဆင်းသဏ္ဌာန်ကို မှတ်မိအောင်ကြည့်ထားပါ။ (မြွေဟောက်ကပါးပြင်းထောင်လေ့ရှိလို့ ခြေမျက်စိအပေါ်ကို ကိုက်တတ်ပြီး၊ မြွေပွေးကတော့ ခြေမျက်စိအောက်ကို ကိုက်လေ့ရှိပါတယ်။ အဆိပ်ရှိမြွေ၏ ဦးခေါင်းဟာ မျှားသောအားဖြင့် တြိဂံပုံသဏ္ဌာန် ဖြစ်ပါတယ်။)

(၂) ဒုတိယအကြိမ် ထပ်အကိုက်မခံရအောင် မြွေနဲ့ဝေးရာကို ရှောင်ထွက်သွားပါ။ ချုံပုတ်နဲ့ဝေးရာ ညီညာပြန့်ပြူးတဲ့မြေက စိတ်ချရပါတယ်။ သို့သော် ဟိုးအဝေးကြီးကို တစ်ရှိန်ထိုးထွက်ပြေးဖို့ မလိုပါဘူး။ ပြေးလွှားခြင်းက နှလုံးခုန်မြန်ဆန်ကာ ခန္ဓာကိုယ်ထဲသို့ အဆိပ်ပြန့်လွယ်ပါတယ်။

(၃) စိတ်ချရတဲ့နေရာလို့ ယူဆပါက ငြိမ်ငြိမ်လေးလှဲချ၍ အသက်ကို မှန်မှန်ရှူပါ။ စိတ်ငြိမ်ငြိမ်ထားပါ။ စိုးရိမ်ထိတ်လန့်ခြင်းက နှလုံးခုန်မြန်ဆန်စေပြီး မြွေဆိပ်တွေမြန်မြန်ပြန့်လာစေတတ်ပါတယ်။

(၄) အဆိပ်ပြင်းတဲ့မြွေ အကိုက်ခံရတဲ့အခါ ချက်ချင်းဆိုသလို ရောင်ကိုင်းလာစေတာကြောင့် ဥပမာ-ခြေထောက်ကို ကိုက်ခံရရင် ဖိနပ်ချွတ်ပါ။ ဘောင်းဘီရှည်ဝတ်ထားရင် ခေါက်တင်ပါ။ အကယ်၍ လက်ကိုကိုက်ခံရပါက လက်စွပ်လက်ပတ်နာရီတွေကို ချွတ်ပါ။ အင်္ကျီလက်ကို အပေါ်သို့ ခေါက်တင်ပါ။

(၅) မြွေကိုက်ခံရလျှင် မြွေကိုက်ဒဏ်ရာ၏ အထက်နားမှ ကြိုးဖြင့်ကျပ်ကျပ်စည်း၊ ဓားသန့်သန့်ကို မီးကင်ပြီး အနာပေါက်ကိုချဲ့ကာ မြွေဆိပ်များကို ပါးစပ်ဖြင့်စုပ်ထွေးထုတ်ပစ်ရမယ်လို့ ရှေးယခင်ခေတ်ကဆိုကြသော်လည်း၊ ယခုမျက်မှောက်ခေတ်မှာတော့ ဒဏ်ရာကို ဓားနဲ့ခွဲခြင်းက သွေးထွက်လွန်၍ မြွေဆိပ်ပိုပြန့်တတ်ပြီး မေးခိုင်ပိုးပါဝင်တတ်၍ ရှေးနည်းကို မသုံးသင့်ဘူးလို့ ဆိုပါတယ်။ ဒါကြောင့် မြွေကိုက်ခံရတဲ့အခါ -

(က) သွေးနဲ့အဆိပ်ရည်တွေကို ကုန်စင်အောင်ညှစ်ပါ။

(ခ) အဆိပ်မပြန့်စေဖို့အတွက် ဒဏ်ရာ၏ နှစ်လက်မ သို့မဟုတ်၊ သုံးလက်မအထက်အပေါ်နားကနေ အဝတ်ပတ်တီးတင်းတင်းစည်းနှောင်ပါ။ (ဆွဲသားအလက်စတစ်စတွေကို မသုံးပါနှင့်၊ သွေးတိတ်ပတ်တီးမစည်းရ။)

(ဂ) ပြင်ပကူးစက်ပိုးမဝင်စေဖို့ မြွေကိုက်ခံရတဲ့နေရာကို ဆပ်ပြာ၊ ရေတို့ဖြင့် စင်ကြယ်စွာဆေးပါ။ (ကာဘော်လစ်ဆပ်ပြာ သို့မဟုတ် ဒတ်တောလ်ပိုးသတ်ဆပ်ပြာရနိုင်ရင် ပိုကောင်းပါတယ်။)

(ဃ) ရေခဲမအုံပါနှင့်။

(င) ၎င်းရှေးဦးသူနာပြုစုပြီးတဲ့အခါ အဆိပ်တွေမပြန့်အောင် ငြိမ်ငြိမ်လေးနေပါ။ ဆေးရုံဆေးခန်းသို့သွားတဲ့အခါမှာလည်း ခန္ဓာကိုယ်ကို အတတ်နိုင်ဆုံး ငြိမ်ငြိမ်လေးထားပြီးနေပါ။

(၆) တောရွာတွေမှာတော့ ပိုးထိတယ်လို့ ခေါ်ဆိုလေ့ရှိပါတယ်။ အောက်ပါအိမ်တွင်းကုထုံးလေးများကလည်း မြွေဆိပ်အန္တရာယ်မှ ကာကွယ်ပေးနိုင်တာကြောင့် အရေးပေါ်အသုံးပြုနိုင်ရန် မှတ်သားထားသင့်ပါတယ်။

- မြင်းခွာရွက်စားပါ။ မြင်းခွာရွက်ကိုကြိတ်၍ ရလာသော အရည်ကို လူးပေးပါ။

- ကြက်သဟင်းရွက်စားပါ။ ကြက်သဟင်းပင်အမြစ်ကို ထောင်းထု၍ ရေစိမ်သောက်ပါ။

- ဆေးခါးကြီးပင်(ခေါ်)ရှမ်းဆေးခါးကြီးပင် အခြောက်မှုန့် ထမင်းစားဇွန်းတစ်ဇွန်းကို ရေနွေးဆူဆူမတ်ခွက်ကြီးတစ်လုံးနှင့်ဖျော်၍ လက်ဖက်ရည်ကြမ်း ပန်းကန်နှစ်လုံးသောက်ပါ။ အကယ်၍ ဆေးခါးကြီးပင် အစိမ်းရရှိပါက ဆေးပင်လက်တစ်ဆုပ်ကို ရေသုံးပုလင်းထည့်၍ တစ်ဝက်ခန်းအောင်ကျိုပြီးသောက်ပါ။ မြွေကိုက်ခံရသူဟာ ရေအလွန်ဆာတာကြောင့် ရေကျက်အေး အသင့်ထား၍ ဆေးရည်တစ်ဇွန်းခန့်သောက်ပြီးနောက် ရေဆာတိုင်း ၎င်းရေကျက်အေးသောက်ပါ။ (သတိလစ်၍ သွေးအန်နေသူလူနာပင် ပြန်လည်ကောင်းမွန်လာနိုင်ပါတယ်။)

- မြွေကိုက်ခံရတဲ့အခါ မြွေအစွယ်ရာနှစ်ပေါက်ဖြစ်တာကြောင့် ကြက်ဥအစိမ်းကို ဒဏ်ရာနဲ့တိုင်းပြီး အပေါက်နှစ်ပေါက်ဖောက်၍ ကပ်ပေးပါ။ ကြက်ဥက ဒဏ်ရာထဲကအဆိပ်ကို မိနစ်ပိုင်းအတွင်း စုပ်ယူသွားပါလိမ့်မယ်။ လိုအပ်ရင် နောက်ထပ် ကြက်ဥအသစ်ကို သုံးနိုင်ပါတယ်။ (ကြက်ဥကို ခွဲကြည့်ရင် မြွေဆိပ်တွေ့ပါတယ်။ ထိုကြက်ဥကို သေသေချာချာစွန့်ပစ်ဖို့တော့ လိုပါတယ်။)

- ကြံ့သရမူလီအမြစ်ကို သွေးလိမ်းပေးခြင်းဖြင့် မြွေဟောက်အဆိပ်ကို တစ်မုဟုတ်ချင်း ပြေစေနိုင်ပါတယ်။

- သကြားသီးအစေ့နှင့် အရွက်တို့ကို ထောင်းထုကာ သတ္တုရည်လိမ်းကျံပေးခြင်းဖြင့် အဆိပ်ပြေစေနိုင်ပါတယ်။

- နေအိမ်ခြံဝင်းထဲတွင် ပင်စိမ်းပင်စိုက်ပျိုးထားခြင်းဖြင့် မြွေအန္တရာယ်မှ ကင်းဝေးစေ နိုင်ပါတယ်။ မြွေကိုက်ဒဏ်ရာပေါ် ပင်စိမ်းရွက်ကို ကြိတ်အုံပေးခြင်းဖြင့် အဆိပ်ပြေစေပါတယ်။

- မြွေကိုက်ခံရပါက၊ ဆေးရုံဆေးခန်းသို့မသွားခင် အဆိပ်ရဲ့ စုပ်ယူမှုကို အပူနဲ့တိုက်ထုတ်တဲ့အနေဖြင့် ဆားရည်ပျစ်ပျစ်ဖျော်သောက်ပေးပါ။

- သင်္ဘောသီးအကင်းကို ထိပ်မှဖြတ်ပြီး မြွေအကိုက်ခံရသည့်နေရာတွင် ကပ်ပေးခြင်းဖြင့် အဆိပ်ဖြေကာ အနာအမြန်ဆုံးကျက်စေပါတယ်။

- ခြံနှင့် အိမ်ပတ်ဝန်းကျင်ကို ဆီးဖြူသီးဖြန့်ပစ်ထားပါ။

- ခြံပတ်ပတ်လည်ကို Kiss me quick ပင်၊ ရှဥ့်မတက်ပင်၊ နှင်းဆီပင် စတဲ့ဆူးခက်များပါရှိသော အပင်များစိုက်ပျိုးထားခြင်းဖြင့် မြွေမလာနိုင်အောင် တာဆီးနိုင်ပါတယ်။

မြွေအကိုက်မခံရအောင် မြက်ဖုတ်များ၊ မြေတွင်းများနှင့် သစ်ခေါင်းပေါက်များကို ဝေးဝေးရှောင်ပြီး သွားလာပါ။ အိမ်မွေးခွေးများက မြွေအန္တရာယ်ကို ကြိုသိမြင်တတ်လို့ ခွေးတွေစူးစူးဝါးဝါးဟောင်ရင် ဂရုတစိုက်စစ်ဆေးပါ။ ညဘက်အပြင်ထွက်တဲ့အခါမှာလည်း လက်နှိပ်ဓာတ်မီးနှင့် မြွေကို အသံဖြင့်ခြောက်လှန့်နိုင်စေဖို့ ဒုတ်(တုတ်)ရှည်ရှည် ဆောင်သွားပါ။ မြွေရှိတတ်တဲ့ တချို့မြို့နယ်များတွင် ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုချောင်၊ ရေမြောင်းများကို သန့်ရှင်းရေးဂရုစိုက်ကြပါရန်နှင့် မိမိအိပ်ရာ ကုတင်အပေါ်၊ အောက်တို့ကို သတိနှင့်ဆင်ခြင်၍ မြွေအန္တရာယ်မှ ကာကွယ်ကြပါရန် သတိပေးနှိုးဆော်လိုက်ရပါတယ်။ ။

လိုနေသူကို ပေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA)
တန်းခွဲသစ် လက်ခံပြီ။
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊၄ လ နှင့်
ENGLISH 4 SKILLS Level (1)
Essay, Letter
Aug 9
4 SKILLS Level(1,2,3) Dip ESL (USA)
ENGLISH 4 SKILLS DISTANCE LEARNING
CD, DVD LEVEL 1,2,3 Dip ESL(USA)
SPEAKING
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
0943125393
01 398118, 295798

အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

လေလံတင်ရောင်းချရန်ကြော်ငြာ

# ရှမ်းပြည်နယ် သီပေါမြို့နယ်မှ ယွန်းလက်မှုပညာဖြင့် နီးဘုရားများယက်လုပ်ပူဇော်

**သီပေါ၊ ဩဂုတ် ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နယ်သည် ရှေးဟောင်းသမိုင်းဝင် မြို့တစ်မြို့ဖြစ်သဖြင့် တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ ကြည်ညိုဖွယ်ရာပြည့်စုံသော မြို့တစ်မြို့ဖြစ်သည်။ သီပေါမြို့နယ်၏ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးများ စဉ်ဆက်မပြတ် ကိုးကွယ်ပူဇော်ခဲ့သည့် တန်ခိုးကြီး ဆုတောင်းပြည့် လာဘသိဒ္ဓိ မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်ကြီးတွင် သီပေါမြို့နယ်၏ နောက်ဆုံးဂိုဏ်းချုပ် သက်တော်ရှည်ဆရာတော်ဘုရားကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘဝံသ အရှင်သူမြတ်က ယခုအောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တမိလိန္ဒ ဆရာတော်ကြီးအား သာသနာတော် အဓွန့်ရှည်ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူများ ဆက်လက်ကိုးကွယ်ဆည်းကပ်ရန် မိန့်ကြားခဲ့သည်။

ဆရာတော် ဦးမိလိန္ဒအရှင်သူမြတ်သည် အများပြည်သူတို့ ဖူးမြော်ကြည်ညိုနိုင်ရန် လာဘဒိဒ္ဓိ မဟာမုနိကြေးဆင်းတုတော်ကြီးအား မဟာမုနိ (နီးဘုရား) နီးဗုဒ္ဓရုပ်ပွားတော်ကြီးအဖြစ် ပုံစံယူ၍ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် မြတ်စွယ်တော်ဓမ္မာရုံကြီးတွင် တိန်းချေတိန်းစံကျေးရွာနေ ရိုးရာလက်မှုယွန်းပညာရှင် ဦးစိုင်းဆိုင်မိုင်းကို နီးဘုရားအဖြစ် ရက်လုပ်ဆောင်ရွက်ရန် တာဝန်ပေးခဲ့သည်။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာလက်မှုပညာနှင့် ယွန်းအနုပညာသည် ကောဇာသက္ကရာဇ် ၇၀၀ ပြည့်နှစ်တွင် မိုင်းခတ်မြို့နယ် မိုင်းနူန်းကျေးရွာ၌ နီးဖြင့် စတင်ရက်ပူဇော်တည်ထားကိုးကွယ်ခဲ့သည်။ ဉာဏ်တော်ကိုးတောင်ရှိ နီးဘုရားကို သိကြားမင်းက လူအသွင်ဖန်ဆင်း၍ ကူညီရက်လုပ်ပူဇော်ခဲ့သည်ကို အခြေပြုပြီး ရှမ်းဘာသာစကားဖြင့် 'ဖရားအင်းဆမ်' ဟု မှည့်တွင်ခဲ့သည့် ကာလမှစကာ ပုဂံခေတ် ဗုဒ္ဓယဉ်ကျေးမှုနှင့်အညီ ပြန့်ပွားခဲ့သည်။ 'ဖရားအင်းဆမ်' ဆိုသည်မှာ သိကြားမင်းက ရက်လုပ်သောဘုရားဟု အဓိပ္ပာယ်ရသည်။

အဆိုပါ လာဘသိဒ္ဓိမဟာမုနိ နီးဘုရားဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သီပေါမြို့နယ် တိန်းချေတိန်းစံကျေးရွာနေ နီးဗိသုကာပညာရှင် ဦးဘိုးနီ၊ ဦးဆိုင်မိုင်း၊ ဦးသောမန၊ ဦးသိန်းဝင်း၊ ဦးကြာထွန်းနှင့် ဦးစိုင်းအောင်ညွန့်တို့က ၂၀၀၁ ခုနှစ်တွင် အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ စတင်ရက်လုပ်ပူဇော်ခဲ့ပြီး ဘုရားရက်လုပ်ခြင်းမစတင်မီ တောတောင်တည်းတွင် ဘုရားပွဲ၊ ဆီမီးနံ့သာ အမွှေးတိုင်များ ထွန်းညှိ၍ ဆရာတော် သံဃာတော်များထံ သီလခံယူဆောက်တည်ခြင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို မေတ္တာပို့ အမျှပေးဝေပြီးမှ ဝါးကို စတင်ခုတ်ယူရကြောင်း သိရသည်။

လာဘသိဒ္ဓိမဟာမုနိနီးဘုရားဗုဒ္ဓရုပ်ပွားတော်ကြီးနှစ်ဆူ၏ ဉာဏ်တော်အမြင့်မှာ ခုနစ်ပေနှင့် အနံငါးပေရှိပြီး ရှင်သီဝလိရဟန္တာမထေရ်မြတ်နှစ်ဆူ၏ ဉာဏ်တော်အမြင့်မှာ ငါးပေ၊ အနံနှစ်ပေခြောက်လက်မ ရှိသည်။

နီးဗိသုကာပညာရှင် ဦးစိုင်းဆိုင်မိုင်း၏ ကနဦးသင်ကြားပြသပေးသော ဆရာမှာ အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမိလိန္ဒဆရာတော်ကြီးဖြစ်ပါသည်။

ယွန်းဗိသုကာပညာရှင် ဆရာဦးစိုင်းဆိုင်မိုင်း ရက်လုပ်ပူဇော်ခဲ့သော နီးဘုရားဗုဒ္ဓရုပ်ပွားတော်များမှာ သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ နှစ်ဆူ၊ သီပေါမြို့နယ် နမ့်အွန်အုပ်စု၊ နားလမ်းကျေးရွာ တစ်ဆူ၊ တရုတ်နိုင်ငံဝမ်တိန်နှင့် မိုင်းလှနှစ်ဆူ၊ ကျောက်မဲနတ်စလင်းကျောင်းတိုက် ၁၃ ဆူ၊ အောင်မင်္ဂလာဘိုးတော်ကျောင်း ရှင်သီဝလိရဟန္တာ တစ်ဆူ၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ တစ်ဆူ၊ ရွှေကူမြို့ ဘုန်းတော်ကြီးကျောင်းတိုက်တစ်ဆူ၊ သီပေါအောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ လာဘသိဒ္ဓိ လေးဆူနှင့် မဟာမုနိနီးရုပ်ပွားတော်ကြီး နှစ်ဆူနှင့် ရှင်သီဝလိနှစ်ဆူ၊ စုစုပေါင်း ၂၅ ဆူတို့ဖြစ်သည်။

သီပေါမြို့ အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်ကြီး ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်သည် သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် အဓွန့်ရှည်တည်တံ့ရေးတို့အတွက် သာသနာ့တာဝန်များကို အခါမလပ် စွမ်းအားရှိသ၍ ကျင့်ကြံကြိုးပမ်း အားထုတ်လျက်ရှိရာ လာဘသိဒ္ဓိ မဟာမုနိဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး နှစ်ဆူနှင့် ရှင်သီဝလိရဟန္တာမထေရ်နှစ်ဆူတို့အား လားရှိုးမြို့နယ်နှင့် ကျောက်မဲမြို့နယ်တို့မှ ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ဗုဒ္ဓပူဇာအဖြစ် လှူဒါန်းထားရှိထားပါသဖြင့် အခါအခွင့်သင့်ကြုံကြိုက်ပါက သွားရောက်ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ **စိုင်း(သီပေါ)**

# သက်တူဆင့်တူ ကျန်းမာရေးပညာပေးစကားဝိုင်းကျင်းပပြုလုပ်

**ဇေယျာသီရိ၊ ဩဂုတ် ၆**

ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု၊ ရွာသစ်ကြီး အ.မ.က ကျောင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပပြုလုပ်သော သက်တူအဆင့်တူ ကျန်းမာရေးပညာပေး စကားဝိုင်းကို ကျင်းပပြုလုပ်ခဲ့သည်။

နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်က ဆွေးနွေးပွဲတက်ရောက်လာသူ သက်ကြီး ကိုယ်ဝန်ဆောင်နှစ်ဦးအား အခမဲ့သားကြောဖြတ်ရန်အတွက် လိုအပ်သည်များအား စီစဉ်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးသိကောင်းစရာများ ဟောပြောကာ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက သက်ကြီးဘိုးဘွားများအား အအေး၊ ကွေကာနှင့် မုန့်များကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် ကြက်ဥများကိုလည်းကောင်း ဝေငှခဲ့သည်။

စကားဝိုင်းသို့ နေပြည်တော် ဇေယျာသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှလှဝင်း၊ နေပြည်တော် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်နှင့် ကျန်းမာရေးဝန်ထမ်းများ သက်ကြီးအဘိုး၊ အဘွားများ၊ သက်ကြီးနှင့် သက်ငယ် ကိုယ်ဝန်ဆောင် မိခင်များ၊ ငါးနှစ်အောက် ကလေးနှင့်မိခင်များ၊ သက်တူဆင့်တူ လူငယ်များ စုစုပေါင်းအင်အား ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ငါးနှစ်အောက် ကလေးရှိမိခင်နှစ်ဦးအား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရှိ မေတ္တာစမ်းရေဆေးခန်းသို့ ညွှန်းပို့ရန် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမှ စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရုပမေဒ)**

# ရေစကြိုတွင်နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်

**ရေစကြို၊ ဩဂုတ် ၆**

ရေစကြိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၃ ရက်က မြေတော်အုပ်စု ကျေးရွာများသို့ သွားရောက်ကွင်းဆင်းကာ မြေတော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြေတော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၁၇၅ ဦးနှင့် အုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူ ၈၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဆက်တည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။ **အောင်(မန်းတက္ကသိုလ်)**

# ကျွန်းလှမြို့နယ်တွင် လူတစ်ဦးမြေပိသေဆုံးမှုဖြစ်

**ကျွန်းလှ၊ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မြို့မစခန်းမှ ဒုရဲအုပ်ထွန်းလင်းအောင်သည် တာဝန်မှူးအဖြစ်ဆောင်ရွက်နေစဉ် ဩဂုတ် ၄ ရက် ညနေ ၄ နာရီအချိန်တွင် တင်းတိန်ရံကျေးရွာ ရွာဟောင်းကုန်း၌ လူတစ်ဦး မြေပိ၍သေဆုံးနေကြောင်း အကြောင်းကြားသဖြင့် တင်းတိန်ရံကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်စော၊ ဆယ်အိမ်မှူး ဦးကြည်ငွေ၊ ဦးထွန်းထွန်းနိုင်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ ကန့်ဘလူမြို့နယ် ကမ်းဖြူကျေးရွာနေ မောင်စိုးလင်းအောင်သည် တင်းတိန်ရံရွာဟောင်းကုန်း (ယခင်ရွှေကျင်ထားသည့်ကျင်းဟောင်း) အား သစ်သားအင်ဝိုင်းဖြင့် ရွှေကျင်ရန် မြေကြီးအားပေါက်ပြားဖြင့်တူးရာမှ မြေပြိုကျလာပြီး မြေပိ၍ သေဆုံးသွားကြောင်း တွေ့ရှိရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်-မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



ဖတ်စရာ

# မိုးရာသီနှင့် အဖျားရောဂါ

**à EGfDGuH)**

တေဇောယေဝဥတု ဥတုယေဝတေဇော။ ဥတုဟူသည် တေဇောဟူသော ပူခြင်းအေးခြင်းကိုခေါ်သည်ဟု ဆေးကျမ်းတွင်ဆိုထားသည်နှင့်အညီ ရာသီဆိုသည်မှာလည်း အပူအအေးနှစ်ပါး၏ ရွေ့လျောပြောင်းလဲခြင်းသာဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးသည်လည်း အပူအအေးတို့၏ နိယာမပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာရသည်။

ဤကဲ့သို့ ရာသီအပြောင်းအလဲတွင် ရာသီကြောင့်ဖြစ်သော အာဂန္တုကရောဂါများဖြစ်တတ်သည်။ မျက်စိနာခြင်း၊ ဝမ်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း စသောရောဂါများဖြစ်သည်။ ဤသို့ဖြစ်ရသည်မှာ ယခင်ဥတုမှပါလာသော အပူအအေးဓာတ်များသည် ရောက်လာမည့်ဥတုတွင် ပျက်ရမည်ဖြစ်သော်လည်း မပျက်ဘဲခုခံနေသည့်အတွက် ဝိရောဓိဖြစ်ကာ အားပြိုင်မှုကြောင့် ရောဂါများဖြစ်ရခြင်းဖြစ်သည်။

တစ်ဥတုတွင် အဂန္တုကရက် (၁၄)ရက်၊ အာယုဝဍ္ဍန(၄၂) ရက်၊ အာယုဟာယန (၄၂)ရက် ပေါင်း ၁၁၈ ရက်ဟု သတ်မှတ်သည်။ ယခုမိုးဥတုသို့ဝင်ရောက်ခဲ့ရာ အာဂန္တုကရက်အတွင်းသို့ ကျရောက်နေသည်။ ဝါဆိုလပြည့်ကျော် ၁ ရက်မှစ၍ ဝါခေါင်လပြည့်ကျော် ၄ ရက်အထိ အာဂန္တုကရက်ဖြစ်သည်။ ထို့ကြောင့် ဓာတ်သက်နုနေ၍ အပူအအေးဓာတ်နှစ်ပါး အားပြိုင်မှုပြင်းထန်ရသည်။

နွေဥတုမှကြွင်းကျန်သော အပူတေဇောဓာတ်၊ တေဇောကလာပ်များသည် လက်ရှိဝင်ရောက်လာသော အအေးတေဇာဓာတ်များကို ခုခံသောကြောင့်ဖြစ်သည်။

မူလအပူဓာတ်ကြွင်းများကို ဝင်လာသောအအေးဓာတ်များက 'အုပ်စိုး' သောကြောင့် အပူအကျဉ်းမိကာ နှစ်ပါးပြိုင်၍ ဝါယောဓာတ်လေအားလျော့၍ အာကာသဓာတ်ပျက်ပြီး အဖျားရောဂါရတော့သည်။

အဖျားရောဂါသည် လေးမျိုးရှိသည်။ မည်သည့်အဖျားဖြစ်စေ အစားရှောင်ရသည်။ အေး၊ ချို၊ ဆိမ့်၊ ချဉ်၊ ဖန် အရသာရှိသောအစားများလုံးဝရှောင်ရမည်။ အထူးသဖြင့် နို့သောက်ခြင်း၊ အချိုရည်များသောက်ခြင်း၊ အသားများစားခြင်း၊ ပန်းသီး၊ စပျစ်သီး၊ သစ်တော်သီး၊ မင်းကွတ်သီးများကို လုံးဝမစားရပါ။ ဤအစာများသည် အဖျားရှိ၍စားလျှင် အဆင်မသင့်၍ 'မေးစေ့' သွားတတ်သည်။

ဖျား၍ သုံးရက်မှ ခြောက်ရက်အတွင်း ဝမ်းနှုတ်ခြင်း မပြုရပါ။ ထိုရက်အတွင်းဝမ်းနှုတ်လျှင် အဖျားကြီးတတ်သည်။ ချွေးအလွန်ထွက်သော ချွေးထုတ်ဆေးများကိုလည်း မတိုက်သင့်ပေ။ ချွေးလွန်လျင်ငန်းဝင်၍ အဖျားပိုပြီး ရက်ရှည်တတ်သည်။ ချွေးသုံးခါထုတ်၍ အဖျားမပျောက်လျှင် နောက်ထပ်ချွေးထုတ်ရန်မသင့်တော့ပါ။

အဖျားရောဂါဟူသည် အအေးပတ်ဖွဲ့မှုကြောင့် အပူအကျဉ်းမိကာ လေအားလျော့၍ 'အာကာသ' ဓာတ် ပျက်ရသည်။

ထို့ကြောင့် အပူလွန်ကဲသောဆေးများနှင့် ချွေးထွက်များသည့်ဆေးများကို တိုက်ခြင်းရှောင်ရမည်။ လေအားကြွ၍ အာကာသဓာတ်ရရန် 'ခါး' သောအရသာရှိသည့် ဒန့်သလွန်ရွက်၊ ကင်းပုံရွက်၊ ပေါက်ပန်းဖြူရွက်၊ ကုက္ကိုရွက်၊ ဆင်တုံးမနွယ်၊ ကန့်ကလာရွက်၊ ကြက်ဟင်းခါးရွက်၊ ကွမ်းရွက်၊ ငရုတ်ရွက် အစရှိသည်များကို ကျကျပြုတ်၍ အကြမ်းပန်းကန်တစ်လုံးကို တစ်နေ့လျှင်သုံးကြိမ်တိုက်ပေးလျှင် လေးရက်ရှိလျှင်ပျောက်သည်။

အဖျားငန်းသက်သည် တစ်ဆယ့်နှစ်ရက်ရှိသည်။ ထိုငန်းသက်ကုန်မှသာ အဖျားလုံးကုန်စင်သည်။ ထိုတစ်ဆယ့်နှစ်ရက်အတွင်းတွင် ဝက်သား၊ ကြက်သား၊ ဘဲသား စသည်များနှင့် 'ချိုဆိမ့်ဖန်' စသော အစားများကို မစားမိစေရန် သတိထားပြီးရှောင်ပါ။ ငန်းသက်မကုန်သေးဘဲ အစားမှားလျှင် အဖျားပြန်တက်တတ်သည်။ ထမင်းကို အချိန်မအရွေးစားနိုင်သည်။ အဖျားဖျား၍ ထမင်းမစားခြင်းမှာ မှားယွင်းသည်။ ထမင်းသည် နေ့စဉ်စားနေကျဖြစ်၍ အဖျားကိုတိုးပွားရန်အကြောင်းမရှိပေ။ ရေချိုးမည်ဆိုလျှင် ဖျားနေသူက ရေမချိုးချင်ဘဲနှင့်မချိုးပါနှင့်။ အကျီကိုလှန်၍ နောက်ကျောကို ရေနှင့်တောက်လိုက်ပါက ကြက်သီးထလျှင်မချိုးရ ကြက်သီးမထလျှင် ချိုးနိုင် သည်။

အဖျားပျောက်၍ လူတောင့်လာပြီဆိုလျှင် ဝမ်းနှုတ်ပေးရပါမည်။ လူများသည် မိုးဥတုသို့ရောက်၍ မိုးဖြိုင်ဖြိုင်ရွာပြီဆိုသည်နှင့် ဝမ်းနှုတ်ပေးခြင်းသည် ကျန်းမာရေးအတွက် သင့်မြတ်သည်။

## မြင်းခြံမြို့နယ်၊ ပတ္တာ (အနောက်) ကျေးရွာ အလယ်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်းနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**မြင်းခြံ၊ သြဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ သာပေါင်းကျေးရွာအုပ်စု၊ ပတ္တာ (အနောက်) ကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီ ၂၀ မိနစ်က ကျင်းပခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးတင်ဝင်းက ကျောင်းအဆင့်တိုးမြှင့်ပေးမှုနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ ကျောင်းအဆင့်တိုးမြှင့်ပေးမှုအမိန့်လွှာကို ကျောင်းအုပ်ကြီးဒေါ်မာဆွေဝင်းထံသို့ ပေးအပ်သည်။

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ သာပေါင်းကျေးရွာအုပ်စု၊ ပတ္တာ (အနောက်) ကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရာတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံနှင့် ဇနီးဒေါ်သန်းသန်းမြင့်တို့မှ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၊ မြို့နယ်အထောက်အကူပြုအဖွဲ့မှ ဦးရှိန်နှင့် ဇနီးဒေါ်သန်းမြင့် စိန်ကမ္ဘာမှ ကျောင်းသုံးဗလာစာအုပ် ၂၅ ဒါဇင်နှင့် ဦးတင့်လွင်နှင့် ဇနီးဒေါ်ခင်မေအုန်း အောင်ကမ္ဘာ သစ်စက်နှင့်ရေခဲစက်တို့မှ ၂၅ ဒါဇင်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီး ဦးကျော်ဆန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ပညာရေးမှူး ဦးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးဘသစ်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များမှ ဆုများအသီးသီးချီးမြှင့်ကြသည်။

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ပွဲသို့ တိုင်းဝန်ကြီးဦးကျော်ဆန်း၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူး ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူအား ဂုဏ်ပြု

**မန္တလေး၊ သြဂုတ် ၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ စာရေးဆရာအသင်းမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သော စာရေးဆရာအသင်းဝင် ဦးကျော်မြင့် (မောင်ကြွေးကျော်)၊ အမှတ်(၆)အ.လ.က ဆရာမဒေါ်မြင့်မြင့်စန်းတို့သမီး မခင်သန္တာကျော်အား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲကို ၂၂ လမ်းနှင့် ၈၆ လမ်းထောင့် မြို့နယ်စာရေးဆရာအသင်းရုံး၌ ပြုလုပ်သည်။

အဆိုပါဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲသို့ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးထွန်းလှအောင် (မိုးဇော်အောင်-မန္တလေး)၊ အတွင်းရေးမှူး ဦးမော်စန်း (မြောက်ပြင်တော်ကကိုရွှေမော်)နှင့် အမှုဆောင်အရာရှိများ၊ ဂုဏ်ထူးရှင်နှင့် မိဘများတက်ရောက်ကြသည်။

ရှေးဦးစွာ၊ အသင်းဥက္ကဋ္ဌ ဦးထွန်းလှအောင်က အမှာစကားပြောကြားသည်။ ထို့နောက်အတွင်းရေးမှူး ဦးမော်စန်းမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဥက္ကဋ္ဌ၏သား သုံးဘာသာဂုဏ်ထူးရှင် မောင်ဟိန်းတေဇထွဏ်းနှင့် ယခုဒုတိယအကြိမ် လေးဘာသာဂုဏ်ထူးရှင် မခင်သန္တာကျော်တို့အား အသင်းဝင်များမှစုပေါင်း၍ ဂုဏ်ပြုထောက်ပံ့ငွေ ကျပ်ငါးသောင်းပေးအပ်ရခြင်းကို ရှင်းပြပြီး ဥက္ကဋ္ဌမှ ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်သည်။

**ထွဏ်းလှအောင်**

သြဂုတ် ၃ ရက်က ရွှေမြရာကုန်းကျေးရွာအုပ်စု၊ အမှတ် (၁) ရပ်ကွက်၊ မှော်ဘီမြို့နယ် ရွှေမြယာဘုန်းတော်ကြီးသင်ကျောင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် အလှူရှင်များက မြောက်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဆွမ်း၊ ဆန်၊ ဆီ၊ ဆား လှူဖွယ်ပစ္စည်းများနှင့် ဗလာစာအုပ်များ လှူဒါန်းစဉ်။

သတင်းနှင့် ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)



# တောင်သူအများစုမှာ စပါးတွင်ဆစ်ပိုး ကျရောက်မှုနှင့် အဓိကရင်ဆိုင်နေရ

**ရွှေဘို၊ ဩဂုတ် ၆**

တောင်သူလယ်သမားများအတွက် အဓိကရင်ဆိုင်နေရသော ပြဿနာကြီးမှာ စပါးတွင် ဆစ်ပိုးကျရောက်သောမှုကြောင့် ဖြစ်ကြောင်း သိရသည်။

အဆိုပါဆစ်ပိုးသည် စပါးပင်များ၏ အရွက်များပေါ်တွင်ဥဥပြီး အကောင်ပေါက်လာသောအခါ စပါးရွက်များမှတစ်ဆင့် ပင်စည်များ၏အဆစ်များအတွင်းသို့ ဝင်ရောက်သွားပြီး ပင်စည်အူတိုင်ကို စားသုံးကြသဖြင့် စပါးပင်များမှာ ရှင်သန်နိုင်ခြင်းမရှိတော့ဘဲ သေဆုံးသွားခြင်းကြောင့် စပါးအထွက်နှုန်း ကျစေခြင်းကြောင့်ဖြစ်ကြောင်း တောင်သူအများစုက ပြောသည်။

လုံလောက်သောကာကွယ်မှုများ အချိန်မီမလုပ်ဆောင်နိုင်ပါက စိုက်ပျိုးမြေတစ်ဧကတွင် စပါးအထွက်နှုန်းမှာ ထိတ်လန့်ဖွယ်ကောင်းလောက်အောင် ကျဆုံးခြင်းနှင့် ရင်ဆိုင်နေရပြီး နည်းမှန်စနစ်မှန်ဖြင့် စိုက်ပျိုးသော လယ်တစ်ဧကသည် ပုံမှန်အားဖြင့် အနည်းဆုံး စပါးတင်းပေါင်း ၁၀၀ ထက်မလျော့နည်းနိုင်သော်လည်း ဆစ်ပိုးကျရောက်ပြီဆိုပါက စပါးထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀ တင်းထွက်ရှိဖို့ အင်မတန်ခဲယဉ်းသည်။ ၎င်းထက်လည်း ပိုမိုဆုံးရှုံးနိုင်သည်။

အချိန်မီသိရှိခြင်းမရှိပါက ယင်းဆစ်ပိုးများသည် စပါးပင်၏ ပင်စည်အတွင်းသို့ ရောက်ရှိသွားပြီဖြစ်သဖြင့် ပိုးသတ်ဆေးသုံးခြင်းသည် ဆစ်ပိုးများ၏အန္တရာယ်ကို ကာကွယ်နိုင်ခြင်း မရှိနိုင်တော့ဘဲ ယင်းကို အချိန်မီတားဆီးကာကွယ်နိုင်ရန် နည်းလမ်းများစွာထဲမှတစ်ခုမှာ မီးထောင်ချောက်ထွန်းညှိခြင်းပင်ဖြစ်သည်။

“ထိုနည်းလမ်းမှာ ပြည့်စုံလုံလောက်တဲ့ ကာကွယ်မှုတစ်ခုတော့ မဟုတ်ပါ။ ဒါပေမဲ့ အတိုင်းအတာတစ်ခုခုအထိတော့ အကျိုးရှိစေပါတယ်။ မီးထောင်ချောက်ထွန်းညှိခြင်းကလည်း စပါးရွက်များပေါ်မှာ ဥဥပြီး အကောင်ပေါက်လာတဲ့ ဖလံများကို မီးထောင်ချောက်အတွင်းထဲကို သဘာဝအတိုင်း သွားရောက်စေပြီး အတောင်တွေမီးစွဲကာ ရေထဲသို့ ပြုတ်ကျသေဆုံးစေသောနည်း ဖြစ်ပါတယ်။ ဤနည်းက စပါးဆစ်ပိုးတွေဟာ စပါးအူတိုင်အတွင်းကို မကျရောက်နိုင်တော့လို့ အကျိုးရှိစေပါတယ်”ဟု စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ကြောင့် အထက်ပါဆစ်ပိုးများ နှိမ်နင်းနိုင်ရန်အတွက် ရွှေဘိုမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်၊ စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာမင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစိုးထွန်းအောင်နှင့် ဆည်မြောင်းဦးစီးအရာရှိ ဦးသူရဇော်တို့၏ ဦးဆောင်ကူညီပံ့ပိုးမှုဖြင့် မြို့နယ်လုံးကျွတ် စုပေါင်းမီးထောင်ချောက်ထွန်းခြင်းလုပ်ငန်းကို ဩဂုတ် ၂ ရက် ည ၇ နာရီမှ ၁၀ နာရီထိ ကျေးရွာအုပ်စု ၄၁ အုပ်စုတို့တွင် မီးတိုင်ပေါင်း ၅၃၁၃ တိုင်ဖြင့် တစ်ပြိုင်တည်း စုပေါင်း ထွန်းညှိခဲ့ကြကြောင်း သိရသည်။

(၅၇၂)

နေပြည်တော်ကောင်စီ၏ လမ်းညွှန်မှုဖြင့် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း ဦးဆောင်၍ ကျည်တောင်ကျေးရွာ ပျံကျဈေးအတွင်း ဈေးသည်များအား တန်ဖိုးနည်းဖုန်းဆင်းကတ် ၅၀ ကို ဩဂုတ် ၃ ရက်၊ နံနက် ၇ နာရီတွင် ကွင်းဆင်းမဲနှိုက်ခွဲဝေချထားခဲ့ရာ ဈေးသည်များကိုယ်တိုင် ပျော်ရွှင်စွာ မဲနှိုက်ထုတ်ယူခဲ့ကြသည်။ ဇေယျာသီရိမြို့နယ်တွင် ယနေ့ထိ တန်ဖိုးနည်းဆင်းကတ်များအား ပြည်သူ ၂၆၂၉၈ ဦး၊ ပျံကျဈေးသည် ၁၇၀ ဦးနှင့် ဆိုင်ကယ်ကယ်ရီ ၁၄၂ ဦးတို့အား ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ကိုကိုရှုပ(နေပြည်တော်)

# တောင်ငူမြို့နယ် စာရေးဆရာအသင်း ဒုတိယအကြိမ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် ညီလာခံအတွေ့အကြုံရှင်းလင်း

**တောင်ငူ၊ ဩဂုတ် ၆**

တောင်ငူမြို့နယ် စာရေးဆရာအသင်း ဒုတိယအကြိမ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် ညီလာခံအတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက်၊ မွန်းလွဲ ၁ နာရီက တောင်ငူခရိုင် ပြန်/ဆက်ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် သဘာပတိ အသင်းနာယက ဦးကျော်လှ (သတင်းစာဆရာ)နှင့် အသင်း ဥက္ကဋ္ဌ ဦးအေးရွှေ (အေးရွှေ-ကေတုမတီ)တို့က အဖွင့်အမှာစကားအသီးသီး ပြောကြားသည်။

အစီအစဉ်အရ မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး၏ အတွေ့အကြုံများကို ညီလာခံကိုယ်စားလှယ် ဦးအေးရွှေ (အေးရွှေ-ကေတုမတီ)က ရှင်းလင်းပြောကြားသည်။

မြို့နယ်အသင်း၏ အစီရင်ခံစာကို အလုပ်အမှုဆောင် ဦးခင်ဇော် (ကာတွန်းကိုကိုဇော်)ကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာကို ဘဏ္ဍာရေးမှူး ဦးစံလှ (စံ-ကေတု) ကလည်းကောင်း ဖတ်ကြားတင်သွင်းအတည်ပြုချက်ရယူခဲ့ကြသည်။

ဆက်လက်၍ တောင်ငူမြို့နယ် စာရေးဆရာအသင်းမှ ခရိုင်အတွင်းရှိ စာကြည့်တိုက်များအတွက် ကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ သုတစာအုပ် ၁၂၀ အုပ်ကို ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းအား ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းမှုအတွက် ခရိုင်ဦးစီးအရာရှိက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး စာရေးဆရာအသင်းနာယက ဦးသောင်းရွှေ(ကေတုမောင်ညိုလင်း)က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အဆိုပါတောင်ငူမြို့နယ် စာရေးဆရာအသင်း ဒုတိယအကြိမ် အစည်းအဝေးအခမ်းအနားသို့ မြို့နယ်စာရေးဆရာအသင်းနာယကများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ စုံညီစွာတက်ရောက်ကြသည်။ **ကျော်လှ(တောင်ငူ)**

# မောက်မယ်မြို့နယ်ရှိကျေးရွာများသို့ကျန်းမာရေး စစ်ဆေးကုသမှုလုပ်ငန်းကွင်းဆင်းဆောင်ရွက်

**မောက်မယ်၊ ဩဂုတ် ၆**

ကျေးရွာနေပြည်သူများအားကျန်းမာစေရေးရည်ရွယ်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမြို့နယ်ဆရာဝန်ကြီးဒေါက်တာမြမြသန်းနှင့် ကျန်းမာရေးဝန်ထမ်းများမှ ဩဂုတ် ၅ ရက်တွင်မောက်မယ်မြို့နယ်၊ စဉ့်ဆိုင်ကျေးရွာအုပ်စု၊ နားသဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်းဆေးကုသခြင်း၊ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ဈေးဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းက ယခုမိုးရာသီတွင်ဖြစ်တတ်သော ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းရောဂါအကြောင်း၊ကြိုတင်ကာကွယ်နိုင်ရေး ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပြီး ကျန်းမာရေးဝန်ထမ်းများကကျေးရွာနေပြည်သူ၂၀၀ ကျော်အားအခမဲ့ဆေးကုသပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးရာတွင် သင်တန်းသူအရန်သားဖွားတို့မှလည်း ပါဝင်ကူညီကြပြီးနားသဲကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားကျောင်းသူ ၅၈ ဦးအားကျောင်းကျန်းမာရေးစစ်ဆေးပေးကြကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်နည်းပညာတက္ကသိုလ်

ယာဉ်ငှားရမ်းမည်

ရောင်းမည်

US$ 1800 လပေး ငှားမည်

- STAR CITY CONDO

- ဗိုင်ချင်ကိုယ်တိုင် ရောင်းမည်။

- RIVERSIDE.

- (1185) SQFT

- 1 MB, 2 BED ROOM.

FULLY FUNISHED

09-5118945

တစ်အိတ်ဝယ်လျှင် ပို့ပေးပါသည်

ရန်ကုန်မြို့တွင်း အိမ်အရောက်ပို့ပေးပါသည်။

09-73077733 01-682944

09-73009569

09-73013432

09-73020433

Computer Training

Basic Computer

I-Office

Excel Special

Graphic

DTP

Adobe Photoshop Design Course

**အတွေးအမြင်**

# အာဟာရပြည့်ဝလျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ

**à &aJt nifef**

၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်သည့် မိခင်နှင့်ကလေးများ ဦးစားပေးသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖြစ်ပါသည်။ အနာဂတ်အတွက် အားတက်ဖွယ်ရာမျိုးဆက်သစ်ဖြစ်သည့် လူငယ်လူရွယ် လူသားအရင်းအမြစ်များကို နိုင်ငံအတွက် အားသစ်လောင်းမွေးထုတ်နိုင်ရန် အလွန်ပင်အရေးကြီးလှသည်။

ဤအဖြစ်၊ အခြေအနေကိုကြိုတင်တွက်ဆ၊ တွေးခေါ်မျှော်မြင်တတ်ကြသော စက်ခေါင်းစက်ရုံ အင်းစိန်တွင် တာဝန်ယူခဲ့ကြသည့် အထွေထွေမန်နေဂျာများဖြစ်သည့်၊ ဦးစိုးဝင်း (အငြိမ်းစား)၊ ဗိုလ်မှူးလှရီ(အငြိမ်းစား)၊ ဦးစောဗယ်လင်တိုင်း(နေပြည်တော်) ဦးဝင်းဦး(လက်ရှိ) စသည့် အထွေထွေမန်နေဂျာအဆက်ဆက်သည် လက်ဆင့်ကမ်းသယ်ဆောင်၍ "မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ၊ အင်းစိန်ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း" ကို ၁၉၉၅ ခုနှစ်မှစ၍ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ ပြုစုပျိုးထောင်ပေးခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင် ရှင်သန်ဖွံ့ဖြိုးလျက်ရှိပါသည်။

မိမိဝန်ထမ်းဇနီးမောင်နှံများသည် မိခင်နို့ရည်ကို ကိုယ်တိုင်တိုက်ကျွေးခဲ့ပြီး ကလေးငယ်များသွားလာနိုင်သည့်အချိန်တွင် စိတ်အေးလက်အေးဖြင့် စွမ်းအားဖြည့် ကုန်ထုတ်လုပ်မှုဆောင်ရွက်နိုင်အောင် မူကြိုကျောင်းကို ဖွင့်လှစ်ပေးထားခြင်းဖြစ်သည်။ မိဘများ အလုပ်သွားအလုပ်ပြန် စိတ်ချမ်းသာရသည့်

> **အနာဂတ်အတွက် အားတက်ဖွယ်ရာမျိုးဆက်သစ်ဖြစ်သည့် လူငယ်လူရွယ် လူသားအရင်းအမြစ်များကို နိုင်ငံအတွက်. . . . . .**

အပြင် သားသမီးများ၏ဂီတ၊ အနုပညာ၊ လက်မှုပညာ၊ ပန်းချီပညာ၊ ကျန်းမာရေးတို့အတွက်လည်း ပြည့်စုံစိတ်ချရပေသည်။ မူကြိုကျောင်းကို အရာရှိများနှင့် လက်ထောက်ရုံးအုပ်တစ်ဦးတို့ဖြင့် ကျောင်းကော်မတီဝင်များ ဖွဲ့စည်းပြီး၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးစသည်ဖြင့် အဖွဲ့ဝင်ငါးဦးဖြင့် လိုအပ်သည်များကိုစီမံဆောင်ရွက်စေပါသည်။

သင်ကြားပေးသော ဆရာမများကိုလည်း ပြင်ပမှာ ငှားရမ်းစရာမလိုဘဲ၊ မိမိဝန်ထမ်းများထဲက ဘွဲ့ရ၊ ၁၀ တန်း၊ ၉ တန်းအောင်တို့ဖြင့် သင်ကြားမှုအစုစုတို့ကို ဆရာမများအဖြစ် ကြီးကြပ်ဆောင်ရွက်သင်ကြားစေခဲ့ပါသည်။ ကျောင်းသား ကျောင်းသူကလေးငယ်များ လက်ရှိ၊ ကျား ၃၁၊ မ ၁၉ ဦးခန့်ရှိပြီး ဆက်လက်၍လည်း လက်ခံဆောင်ရွက်သင်ကြားပေးလျက်ရှိပါသည်။

ကလေးငယ်များကို မုန့်စားချိန်၊ သင်ကြားချိန်၊ ထမင်းစားချိန်၊ အိပ်ချိန်၊ ကစားချိန်များကို စနစ်တကျသတ်မှတ်ပြီး စည်းကမ်းတကျ ဆောင်ရွက်ပေးပါသည်။ နေ့စဉ်စားသုံးသော အစားအသောက်တွင် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရများ အချိုးညီညီပါဝင်ရေးတို့ ဆောင်ရွက်ပြီး တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ်နှင့် အထက် အရာထမ်း၊ အမှုထမ်းများနှင့် ပြင်ပအလှူရှင်များက အိုဗာတင်း၊ နွားနို့၊ ဆန်ပြုတ်၊ သာဘကူ၊ ကြာဆံချက် စသည့် အာဟာရဒါနများကိုလည်း ကလေးများ ခန္ဓာကိုယ်၊ စိတ်ဓာတ်၊ အတွေးအခေါ်များ သွက်လက်စေရေးအတွက် အထောက်အပံ့ဖြစ်အောင် အချိန်နှင့် တစ်ပြေးညီတိုက်ကျွေး လှူဒါန်းလျက်ရှိပါသည်။

အထွေထွေမန်နေဂျာ အရာထမ်းနှင့် အမှုထမ်းများသည် ထုတ်လုပ်မှုစီမံကိန်းများနှင့် မအားမလပ်သည့်ကြားကပင် ဝန်ထမ်းသားသမီးများ "ပန်းကောင်းအညွန့်ချိုး" မဖြစ်စေရေး "ကံချွန်လျှင် လူချွန်၊ လူမွန်" ဖြစ်ရေး "ကိုယ့်ဒူးကိုယ်ချွန်" ဆောင်ရွက်နိုင်ရေးတို့ကို မျှော်တွေးကြည့်မြင်ပြီး "နုနုနယ်နယ်ချစ်စဖွယ်" လေးများကို အမျှော်အမြင်ကြီးစွာ ပျိုးထောင်ခဲ့ခြင်းဖြစ်ပါသည်။

"သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားနိုင်" စေရန် သားသမီးများကို မျိုးဆက်သစ်ဖြစ်စေရန် ဖော်ထုတ်ပျိုးထောင်ပေးခြင်းဖြစ်သည်။ ယခုအခါ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ အင်းစိန်ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းသည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ "တိုင်းဦးစီးဌာနရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်" တွင် ဖွင့်လှစ်သော "ရှေးဦးကလေးငယ်ပြုစုစောင့်ရှောက်ရေး" (ECCD) သင်တန်းသို့ ဆရာမများအား အလှည့်ကျစေလွှတ်၍ လေ့လာမှုပြုစေခဲ့ပြီး လူမှုဝန်ထမ်းအဖွဲ့မှ အသိအမှတ်ပြုလက်မှတ်များ အသီးသီး ရရှိခဲ့ပြီးဖြစ်သည်။ အခြားစက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီများ ပင်လျှင် ကုန်ထုတ်စွမ်းအား မြင့်တင်နိုင်ရေးအတွက်နှင့် မိသားစု စိတ်ချမ်းမြေ့စေရေးအတွက် အတုယူစရာ စံပြမူကြိုကျောင်းဖြစ်နေပါသည်။

"မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ အင်းစိန်ကိုယ့်အားကိုယ့်ကိုးမူကြိုကျောင်း" တွင်ခိုလှုံခဲ့ကြသော အရာထမ်း၊ အမှုထမ်းတို့၏ ရင်သွေးငယ်များသည် ယခုအခါ ဆရာဝန်၊ စစ်ဗိုလ်၊ ကျောင်းဆရာ၊ ဆရာမများနှင့် အင်ဂျင်နီယာအဖြစ် တိုင်းပြည်တာဝန်ကို မျိုးဆက်သစ် ထမ်းဆောင်ကြရန် တာဆူလျက် အဆင်သင့်ဖြစ်နေကြပါသည်။ အငြိမ်းစားယူသွားပြီးဖြစ်သော အထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းတို့သည် မိမိတို့ကိုယ်တိုင် ပျိုးထောင်ခဲ့သော မူကြိုကျောင်းလေးကို ပြန်လည်လှည့် ကြည့်လိုက်သောအခါ နိုင်ငံတော်အတွက် ကလေးငယ်များသည် ပျော်ရွှင်၊ ကျန်းမာ၊ စိတ်ချမ်းသာလျက် "ငွားငွားစွင့်စွင့်" ဖြင့် ရှင်သန် ထမြောက်နေသည်ကို အားရဝမ်းမြောက်ဖွယ်ရာ တွေ့မြင်လိုက်ကြရပါသည်။ (အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ရကို ရည်ရွယ်လျက်)

## ဖောင်းလောင်းကန်ရေသိုလှောင်မှုကြောင့် သီးနှံစိုက်ခင်းများ ရေနစ်မြုပ်ပျက်စီး

**တောင်တွင်းကြီး၊ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ တရုပ်ကောအုပ်စု အုတ်လမောင်းကွင်း၊ ကွင်းအမှတ် (၂၀၁၂)၊ ၂၀၁၂(က) ကွင်းတို့မှ ဒေသခံတောင်သူ ၁၈ ဦးတို့စိုက်ပျိုးထားသည့် မိုးနှမ်းနှင့်မိုးစပါးစုစုပေါင်း ၄၆ ဒသမ ၉၉ ဧကတို့မှာ ဖောင်းလောင်းကန်ရေ သိုလှောင်မှုကြောင့် ကန်အထက်ပိုင်းရှိသီးနှံစိုက်ခင်းများ ဇူလိုင် ၂၁ ရက်က ရေနစ်မြုပ်ပျက်စီးသွားခဲ့ကြောင်း သေခံတောင်သူတစ်ဦးက ပြောသည်။

၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးစိုက်ခင်းများရေနစ်မြုပ် ပျက်စီးနေသဖြင့် ဖောင်းလောင်းကန် ရေဆိုးထုတ်မြောင်းမှ ရေထုတ်လုပ်နိုင်ရေးကြီးကြပ်အဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူးက ၂၀၁၃ခုနှစ် နိုဝင်ဘာ ၃၀ ရက်၌ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ယင်းသို့ ဖွဲ့စည်းပေးအပ်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီး အရာရှိ ဦးကြည်မြင့် ခေါင်းဆောင်သည့် မြို့နယ်စိုက်ညှိအဖွဲ့မှ ကွင်းဆင်း၍ ကန်အထက်ပိုင်း မိုးစပါးစိုက်ခင်းများ ရေနစ်မြုပ်ပျက်စီးသွားသည့် ၄၈ ဒသမ ၁၄ ဧကအားမိုးစပါး ရိတ်သိမ်းပြီး ဆောင်းသီးနှံ မတ်ပဲ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ရေဆိုးထုတ်မြောင်း ဖောက်လုပ်ခဲ့သည်။

သို့သော် ၂၀၁၄ ခုနှစ်ဇန်နဝါရီ၂၀ ရက်တွင် ၎င်း၏ မတ်ပဲစိုက်ခင်း ပုံစံ(၇) ထုတ်ယူရရှိပြီးဖြစ်သော (၄၀/ခ)နှင့် (၄၀/ခ)လယ်မြေထဲမှ ဦးကိုကိုနိုင်(လက်ပံကျေးရွာ)၊ ဦးကျော်လွင်တို့၏ ခိုင်းစေချက်အရ ဦးမျိုးညွန့်ပါငါးဦးတို့မှ တူးယူ၍ ရေဆိုးထုတ်မြောင်းအားပိတ်ဆို့ရေသိုလှောင်ခဲ့သည်။

ယင်းရေသိုလှောင်မှုကြောင့်ယခုနှစ် ဒေသခံတောင်သူ ၁၈ ဦးတို့၏ မိုးနှမ်းစိုက်ခင်းများအပါအဝင် မိုးစပါးစိုက်ခင်း စုစုပေါင်း ၄၆ ဒသမ ၉၉ ဧကတို့မှာ ဇူလိုင်၂၁ ရက်က ရေနစ်မြုပ် ပျက်စီးသွားခဲ့ကြောင်း ဒေသခံတောင်သူဦးညွန့်ဆွေက ပြောသည်။

၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ (၃) နှစ်ဆက်တိုက် ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများ ရေနစ်မြုပ်ပျက်စီးခဲ့ရာ တစ်ဧကလျှင် စပါး ၆၀ တင်းနှုန်းဖြင့် တစ်နှစ်လျှင်စပါးတင်းပေါင်း ၂၈၂၀ တင်းနစ်နာဆုံးရှုံးရသဖြင့် ဒေသခံတောင်သူ ၁၈ ဦးတို့၏မိသားစုများ စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့ခံစားခဲ့ရကြောင်း ဒေသခံတောင်သူများက ပြောသည်။ **(၅၈၀)**

## မှန်မှန်ကန်ကန်ဆုံးဖြတ်ရွေးချယ်ပါ

**ယမန်နေ့မှ အဆက်**

ထို့ကြောင့် တက္ကသိုလ်ပညာ သင်ယူမည့်သူများအနေဖြင့် ဘွဲ့တစ်ခုရရန်သာ တက်ရောက်သောအဖြစ်မျိုး မဖြစ်စေဘဲ မိမိ ဝါသနာအလျောက် တက်ရောက်သင်ကြားသော ပညာရပ်တွင် တစိုက်မတ်မတ် ကြိုးစားအားထုတ်ပြီး မိမိဘဝတွက် တက်လမ်းရှိအောင် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ တစ်ထောင့်တစ်နေရာမှပါဝင်နိုင်အောင် ကြိုးစားသင်ယူသင့်ပါသည်။

ထို့ကြောင့် သိပ္ပံပညာ၊ ဝိဇ္ဇာပညာမခွဲခြားဘဲ မိမိဝါသနာပါသောပညာရပ်များတွင် တစိုက်မတ်မတ်ကြိုးစားသင်ယူကြဖို့သာ လိုအပ်ပါသည်။ ဆေးပညာ၊ အင်ဂျင်နီယာပညာ၊ မြန်မာစာ၊ ပထဝီ၊ သမိုင်း စသဖြင့် အသုံးမဝင်သောပညာရပ်များဟူ၍ မရှိပါ။ အားလုံးတစ်ပြေးညီ အရေးပါသည်ချည်းသာဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ဆက်လက်သင်ကြားရမည့် တက္ကသိုလ်ရွေးချယ်ရာတွင် မိမိရရှိသော အမှတ်၊ အောင်မြင်ခဲ့သောဘာသာတွဲများကိုသာကြည့်ပြီး တက္ကသိုလ်ရွေးချယ်ခြင်း၊ မိမိ မိဘများ သဘောဆန္ဒအလျောက် တက်ခိုင်းသောတက္ကသိုလ်ကိုရွေးချယ်ခြင်းမျိုးမဖြစ်သင့်ပါ။ မိမိအမှန်တကယ် ဝါသနာပါသော ဖြစ်မြောက်ချင်သော စိတ်ဝင်စားမှုရှိပြီး တက်ရောက်လိုသော တက္ကသိုလ်များကိုသာ ရွေးချယ်တက်ရောက်ပြီး ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင် ကြိုးစားသင်ယူသင့်ပါသည်။ သို့မှသာ မိမိဘဝအတွက်မိမိဝါသနာပါသော ပညာရပ်များကို ဆည်းပူးလေ့လာပြီး ပြန်လည်အသုံးချကာ မိမိအကျိုး၊ နိုင်ငံအကျိုးကိုဆက်လက်သယ်ပိုးနိုင်မည်ဖြစ်ပါသည်။ မိမိတက်ရောက်ပညာသင်ယူမည့် ဘာသာရပ်ပညာရပ်အတွက်လည်း အားငယ်စိတ် သိမ်ငယ်စိတ်များမထားဘဲ ကြိုးကြိုးစားစားနှင့် အောင်မြင်ဖြစ်ထွန်းအောင် သင်ယူလိုစိတ်ကိုသာဆက်လက်မွေးမြူကာ ရှေ့ဆက်ကြဖို့ လိုပါသည်။ မိမိရွေးချယ်တက်ရောက်သောပညာရပ်များကိုလည်း မိမိအကျိုး နိုင်ငံအကျိုးတွက်ပါ ပြန်လည်အသုံးချနိုင်အောင် ကြိုးစားဖို့ လိုပါသည်။ ထို့ကြောင့် ဆက်လက်ပညာသင်ကြားမည့် တက္ကသိုလ်ရွေးချယ်ရာတွင် မိမိဝါသနာနှင့် အမှန်တကယ်ကိုက်ညီသော ပညာရပ်များကိုသာ ရွေးချယ်တက်ရောက်ပြီး ထွန်းပေါက်အောင်ကြိုးစားသင့်သည်။












**မိခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း (C7) မှ မောင်ဟိန်းထက်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်တွမ်ရီကျွမ်းဖြစ်ပါသည်။

## ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ သတ္တမတန်း (D)မှ မဂျာအိန်၏ ဖခင်အမည်မှန်မှာ ဦးအင်လန်းဘရန်လတ်ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၀-၂၀၀၁ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

နေပြည်တော်တပ်ကုန်းမြို့၊ အထက(၂)၊ စတုတ္ထတန်း(A)မှ မောင်ဝေဖုန်းသော်၏ ဖခင်အမည်မှန်မှာ ဦးသူရစိုး[၇/ပခန(နိုင်)၃၇၈၈၇၉] ဖြစ်ပါကြောင်း။ **ဦးသူရစိုး [၇/ပခန(နိုင်)၃၇၈၈၇၉]**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သာသနာရေးဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

1/ omoema&;0efMUD;Xme? omoema&;OD;pD;XmerS 2014-2015 ck bPma&;ESpf? omeftoHk;p&ukwfjzifYazmfjyygukdk;oHk;?yHkESdyfvkyfief;oHk;puúLtrsdK;rsdK;0,f,l&ef&dkygojzifY jrefrmEdkifiHom;vkyfief;&SifrsmxHrS tdwfzGifYwif'gwifoGif;&efzdwfac:ygonf-

| pOf | puúLtrsdK;tpm; | ta&twGuf |
|---|---|---|
| (u) | 31" x 43" W/F (70) G (JK) puúL(500)yg | 1736 xkyf |
| (c) | 31" x 43" Art Card (210) G (100)yg | 166 xkyf |
| (*) | 31" x 43" China (55) G (500)yg | 93 xkyf |
| (C) | 27" x 34" N/P (48.8) G (500)yg | 1420 xkyf |
| (i) | 27" x 34" China (55) G (500)yg | 53 xkyf |
| (p) | 31" x 43" Art Paper (250)yg | 1 xkyf |
| (q) | 30' x 40' jrefmr0gxl (100)yg | 4 xkyf |
| (Z) | 30' x 40' zvyfpuúL | 619 xkyf |
| (ps) | 30' x 40' ESpfzufjzLu'f(100)yg | 13 xkyf |

wif'gyHkpHa&mif;csmfh&uf - 7-8-2014 &ufrS 27-8-2014 &ufxd
wif'gyHkpHwifoGif;&mfh&uf - 8-9-2014 &uf eHeuf 10;00 em&DrS 12;00 em&Dxd
wif'gzGifhrmfhae&m - omoema&;0efMUD;Xme? ½Hk;trSwf(31)? aejynfawmf

2/ wif'gonf;rsOf;pnf;urf;rsm;ESifhwif'gac:,lrmfhtcsuftvufrsm;tm; tao;pdwf od&Sdvdkygu omoema&;OD;pD;Xme? pDrHa&;&mXmeGJ(zkef;-067-406232?067-406047)? yHkESdyfxkwfa0a&;XmeGJ(zkef;-01-652135)odkY½Hk;csdefwGif;qufoG,fpHkpnf;ar;jref;Edkifygonf/

**omoema&;OD;pD;Xme**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၃၅
## ကွယ်လွန်သူ ဦးကျော်ကျော်ဝင်း၏ ကျန်ရစ်သော ပစ္စည်းများအကြောင်း

ဒေါ်ခင်ရီ **လျှောက်ထားသူ**
အမှတ် ၆၆၊ ၂၂လမ်း၊
လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်ခင်ရီက ကွယ်လွန်သူ ဦးကျော်ကျော်ဝင်း၏ မိခင်အရင်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေဦးကျော်ကျော်ဝင်း၏ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကျော်ကျော်ဝင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက် (၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ရက်)နံနက် ၁၀း၀၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ခင်ရီ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်း ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၈)ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်သစ်ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးကြီးမြင့်-ဒေါ်ရီရီ (KM ဆောက်လုပ်ရေး)မိသားစုမှ ဟသ်ာတမြို့နယ် အုန်းကုန်းကျေးရွာ၊ အမက(၃၈)၏ ကျောင်းဆောင်သစ်အား ၂၀၁၄ခုနှစ် ဇူလိုင်လ (၂၇)ရက်တွင် အသစ်ဆောက်လုပ်လှူဒါန်းမှုအစုစုအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

**ညီငယ်ရောင်းရင်းများ**
**အုံးလှိုင်၊ ထွန်းလှိုင်၊ စိုးမြင့်အောင်၊ ရဲထွဋ်၊ လှသိန်း၊ တင်မြင့်၊ စိန်ဝင်း၊ စိုးမြင့်၊ စိန်လှိုင်၊ ကျော်စံဝင်း၊ သန်းအုန်း၊ အုံးသာ၊ ခိုင်ထွန်းအောင်။**

## ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)
## ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) မှ ဓမ္မပါလကျောင်း၊ သာခုကျောင်းတိုက်၊ နတ်စင်လမ်း၊ (ဗဟိုစံပြငါးဈေးအနီး)၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့တွင် ၁၀-၈-၂၀၁၄ ရက် နံနက် ၁၀ နာရီ၌ ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ပါသဖြင့် အသင်းသူ/သားများ၊ ကျိုက်လတ်မြို့နယ်သူ/သားများ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်- ဦးမောင်ညိမ်း-၀၉-၅၀၀၉၁၇၈၊ ဦးကျော်မြင့်-၀၉-၅၁၃၃၈၂၉၊ ဦးတင်စော-၀၉-၅၁၈၄၇၈၅၊ ဒေါ်ခင်ချိုဦး-၀၉-၃၁၀၄၈၄၂၃။

**အမှုဆောင်အဖွဲ့**

## မြန်မာ့မီးရထားပိုင်မြေအား BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် နိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများသို့ တင်ဒါ (Tender) ဝင်ရောက်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်၏စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် ရထားပြေးဆွဲခြင်းလုပ်ငန်းများနှင့်လွတ်ကင်းပြီး အနာဂတ်စီမံကိန်းလျာထားချက်များတွင် မပါရှိသောအောက်ဖော်ပြပါ မြန်မာ့မီးရထားပိုင်မြေကွက်(၃)ကွက်ကို BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ကို တင်ဒါ(Tender)စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့် ဝါးတန်း(၁)လမ်းထောင့်ရှိ (၁၁၇ပေ×၅၀ပေ)မြေကွက်၌ ခေတ်မီ RC (၁၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပြီး ၎င်းမြေကွက်တွင် Hotel/ Office Tower လုပ်ငန်းများကို **ကနဦးနှစ်(၃၀) တစ်ဆက်တည်း သက်တမ်းတိုးခွင့်(၁)ကြိမ်လျှင် (၅)နှစ်စီဖြင့် (၂)ကြိမ် လုပ်ကိုင်ခွင့်ပြုပါမည်။**

(ခ) ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သမိုင်းဘူတာရှေ့ ဗဟိုလမ်းဘေးရှိပေ(၄၆၁×၄၀)မြေကွက်၌ ခေတ်မီ RC (၈)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပြီး ၎င်းမြေကွက်တွင် Shopping Mall , Super Market ရုံးခန်းများ၊ ပုဂ္ဂလိကစာသင်ကျောင်း၊ စားသောက်ဆိုင်လုပ်ငန်း စသည့်စီးပွားရေးဆိုင်ရာလုပ်ငန်းများကို **ကနဦးနှစ်(၃၀)တစ်ဆက်တည်းသက်တမ်းတိုးခွင့်(၁)ကြိမ်လျှင်(၅)နှစ်စီဖြင့်(၂) ကြိမ် လုပ်ကိုင်ခွင့်ပြုပါမည်။**

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တောင်-မြောက်လမ်းဆုံအနီး၊ တိုးကြောင်ကလေးဘူတာယာဒ်ဝင်း၊ အမှတ်(၂)လမ်းမကြီးဘေးရှိ ပေ(၃၀၀×၁၅၀) မြေကွက်၌ ခေတ်မီ(၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပြီး ၎င်းမြေကွက်တွင် Shopping Mall ,Super Market, Car Show Room, ရုံးခန်း၊ ပုဂ္ဂလိက စာသင်ကျောင်း စသည့်စီးပွားရေးဆိုင်ရာလုပ်ငန်းများကို **ကနဦး(၁၅)နှစ် တစ်ဆက်တည်း သက်တမ်းတိုးခွင့် (၅)နှစ်(၁)ကြိမ် လုပ်ကိုင်ခွင့်ပြုပါမည်။**

၂။ အထက်ပါ မြန်မာ့မီးရထားပိုင်နေရာအား BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသော ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများသည် တင်ဒါယှဉ်ပြိုင်ရန်အတွက် အဆိုပြုလွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များကို (၁)စုံလျှင် (၃၀၀၀၀၀)ကျပ်နှုန်းဖြင့် ၄-၈-၂၀၁၄ရက် ၉း၀၀ နာရီမှ ၂၀-၈-၂၀၁၄ ရက် ၁၆း၀၀နာရီအထိ ရုံးချိန်အတွင်း**(ရုံးပိတ်ရက်များမပါ)**မန်နေဂျာ(စီးပွားရေး/တိုင်း)တိုင်းအမှတ်(၇)ရုံး၊ ရန်ကုန်ဘူတာကြီး(ပထမထပ်)တွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်းနံပါတ်-၀၁-၃၉၃၄၂၈၊ ၀၁-၇၀၄၇၉၁၊ ၀၁-၄၉၂၁၃၁၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၈၀-ခ)၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်ဟုခေါ်တွင်သော ဧရိယာ ပေ(၂၀×၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်မှန်သမျှကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်လှိုင်ထံမှ ဆက်စပ်အရောင်းအဝယ်စာချုပ်များဖြင့်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်သော ဦးသီဟကျော်စွာ[၁၂/သခန (နိုင်)၀၀၀၂၇၁] မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

**ဦးမောင်မောင်ချစ် (စလင်း)ဥပဒေဘွဲ့**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၄၇)**
**ရုံးခန်း/အိမ်-အမှတ်(၈၁/က)၊ တကောင်း(၅)လမ်း**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၃၁၀၂၃၅၆၄**

**ဒေါ်မိုးယုနွယ် (LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၉၈၂၃)**
**ဖုန်း-၀၉-၇၃၁၃၂၂၁၂**

## (၁၆)ကြိမ်မြောက် ကမ္မဝါစာသာမဏေကျော်စာမေးပွဲ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား၊ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့က ကြီးမှူး၍ “(၁၆)ကြိမ်မြောက် ကမ္မဝါစာရဋ္ဌသာသနာလင်္ကာရကမ္မဝါစာ သာမဏေကျော်စာမေးပွဲ”ကို မြို့လယ်ဓမ္မာရုံဓမ္မဗိမာန်တော်ကြီး၌ (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၇ရက်) ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကနက္ကဒါဏ်ထီးဖြူတော်ဖွင့်အခမ်းအနားနှင့်အတူ ပထမဆင့်၏ အာဂုံပြန်နှုတ်ဖြေစာမေးပွဲကြီးကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ (သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်) အောက်တိုဘာလ ၁၆ ရက်၊ ၁၇ ရက်၊ ၁၈ရက်များတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်(၃)ဆင့်လုံးအတွက် သဘောရေးဖြေစာမေးပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ပါသည်။ စာအောင်ဘွဲ့နှင်းသဘင်အခမ်းအနားကို (သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) အောက်တိုဘာလ ၂၁ ရက်(အင်္ဂါနေ့)တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ စာမေးပွဲဖြေဆိုကြမည့် သာမဏေများသည် ဝင်ခွင့်ပုံစံများ တောင်းယူဖြည့်စွက်ပြီး အတွင်းရေးမှူး ဦးထွန်းအေးလေး၊ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်ရပ်ကွက်၊ တောင်ကြီးမြို့သို့လိပ်မူ၍(တော်သလင်းလကွယ်နေ့)စက်တင်ဘာလ ၂၃ရက် (အင်္ဂါနေ့)ထက်နောက်မကျစေဘဲ ပေးပို့ကြရန်ဖြစ်ပါသည်။

၃။ ယခုနှစ်ကျင်းပမည့် (၁၆)ကြိမ်မြောက်စာမေးပွဲကြီး၌ တိုင်းနှင့်ပြည်နယ်အသီးသီးမှ သာမဏေများအပါး(၈၀၀)ကျော်ကြွရောက်ဖြေဆိုကြလိမ့်မည်ဟု ခန့်မှန်းထားရှိပါသဖြင့် စာဖြေသာမဏေများအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း စာအောင်ဆုအလှူငွေများကိုလည်းကောင်း၊ စာမေးပွဲကြီးရေရှည်တည်တံ့စွာ ကျင်းပသွားနိုင်ရန်အတွက် ထာဝရငွေပဒေသာပင် အလှူငွေများကိုလည်းကောင်း၊ အထက်ဖော်ပြပါလိပ်စာအတိုင်း သဒ္ဓါတရားထက်သန်စွာဖြင့် ကြွရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် သိရှိလိုသည်များကို မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ ဖုန်း-၀၈၁-၂၁၂၁၆၇၃ နှင့် ၂၀၂၀၇၄သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း စာမေးပွဲကျင်းပရေးအဖွဲ့က နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့**
**တောင်ကြီးမြို့**

